၁၃၇၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက်၊ ကြာသပတေးနေ့၊ (19-5-2011) (ဖ၇ဖ၄)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ☆ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
- ☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ☆ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယလက်ထောက် နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော်   မေ   ၁၈

ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယလက်ထောက် နိုင်ငံခြားရေးဝန်ကြီး Mr. Joseph Yuosang Yun ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ကော်မတီရေးရာဆောင် အမှတ်(၁) ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ (အောက်ပုံ)

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာနှင့်အတူ ပြည်သူ့လွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းစိန်၊ ပြည်သူ့လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ဦးလှမြင့်ဦးနှင့် ပြည်သူ့လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးတို့ တက်ရောက်ကြပြီး အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယလက်ထောက် နိုင်ငံခြားရေးဝန်ကြီး Mr. Joseph Yuosang Yun ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အမေရိကန်ပြည်ထောင်စု သံရုံးယာယီတာဝန်ခံ Mr. Larry M. Dinger လည်း တက်ရောက်သည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယလက်ထောက် နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော်   မေ   ၁၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား မြန်မာနိုင်ငံ၌ ရောက်ရှိနေသည့် အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယလက်ထောက် နိုင်ငံခြားရေးဝန်ကြီး Mr. Joseph Yuosang Yun ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ ထိုသို့ တွေ့ဆုံရာ၌ မြန်မာ-အမေရိကန် နှစ်နိုင်ငံဆက်ဆံရေး မြှင့်တင်ရေးနှင့် နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယလက်ထောက် နိုင်ငံခြားရေးဝန်ကြီး Mr. Joseph Yuosang Yun ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အမေရိကန်ပြည်ထောင်စု သံရုံးယာယီတာဝန်ခံ Mr. Larry M. Dinger တက်ရောက်သည်။

ညနေပိုင်းတွင် အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန **စာမျက်နှာ ၅ ကော်လံ ၁ သို့** ☆

မှတ် သား ဖွယ် ရာ မိုး ရေ ချိန် များ

၁၈-၅-၂၀၁၁

ဖြူး	၆ ဒသမ ဝ၆ လက်မ
တောင်တွင်းကြီး	၄ ဒသမ ဝ၉ လက်မ
လွိုင်ကော်	၃ ဒသမ ၂၇ လက်မ
ကျောက်ဖြူ	၂ ဒသမ ၅၅ လက်မ
လွိုင်လင်	၂ ဒသမ ၁၇ လက်မ
စဉ့်ကိုင်	၂ ဒသမ ဝ၅ လက်မ
ရွှေဘို	၁ ဒသမ ၈၅ လက်မ

ကြေးမုံ The Mirror

၁၉ - ၅ -၂၀၁၁ (ကြာသပတေးနေ့)

ပြည်သူ့အကျိုးပြုစာပေများ ဆက်လက်ရေးသား

နိုင်ငံတော်က တိုင်းကျိုးပြည်ဆောင် အမျိုးသားစာပေ အဆောက်အအုံ တစ်ရပ် ခိုင်ခံ့ဖြစ်ထွန်းစေရေး အားပေးလျက်ရှိသည်။စာပေလောက ရှင်သန်ထွန်းကားရေး အစဉ်တစိုက် အားပေးနေသည်။ စာပေလောကသားများဘဝ မြင့်မားလာရေး ပံ့ပိုးဖြည့်ဆည်းပေးနေသည်။ စာပေပညာရှင်များ၏လက်ရာမွန်များကို နှစ်စဉ်ရွေးချယ် ဖော်ထုတ်ပြီး အမျိုးသားစာပေဆုများ ချီးမြှင့်ပေးလျက်ရှိသည်။

စာပေဖွံ့ဖြိုးတိုးတက်စေရေးအတွက် အမျိုးသားစာပေဆုများ၊ စာပေဗိမာန် စာမူဆုများ နှစ်စဉ်ရွေးချယ် ချီးမြှင့်ပေးနေသည်။ ထို့အတူ ဆရာဝန်တင်ရွှေစာပေဆု၊ ထွန်းဖောင်ဒေးရှင်းစာပေဆု၊ ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆု၊ သုတစွယ်စုံစာပေဆုစသည့် ပုဂ္ဂလိကအဖွဲ့အစည်းများကလည်း နိုင်ငံတော်နှင့်အတူ ပူးပေါင်း၍ စာပေဆုများ ရွေးချယ်ချီးမြှင့်ပေးနေပြီဖြစ်သည်။

၂၀၁၀ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆုနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို မေ ၁၆ ရက်တွင် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ ပြည်သာယာခန်းမ၌ ကျင်းပခဲ့သည်။ အဆိုပါ ဆုချီးမြှင့်ပွဲတွင် ပခုက္ကူစာပေတစ်သက်တာဆု၊ ဝတ္ထုရှည်၊ ဝတ္ထုတိုပေါင်းချုပ်၊ ကဗျာပေါင်းချုပ်၊ ကျမ်းစာပေ၊ သုတေသနစာပေဆု ရရှိသူများအား ဆုများချီးမြှင့်ခဲ့သည်။

ထို့အတူ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်ပညာသင်ဆုရရှိသူများ၊ ပခုက္ကူဦးအုံးဖေ မြန်မာစာထူးချွန်ဆု၊ ပခုက္ကူဦးအုံးဖေ ပညာရည်ချွန်ဆုရရှိသူများကိုလည်း ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

ယခုကဲ့သို့ စာပေဆုများချီးမြှင့်နေခြင်းသည် ပြည်သူလူထုအတွက် အသိဉာဏ်ပညာ၊ အတွေးအမြင် ဗဟုသုတ ကြွယ်ဝစေရေးကို အထောက်အကူပြုသည်။ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံသစ်တည်ဆောက်ရာတွင် ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးရေးနှင့်အတူ စိတ်ပိုင်းဆိုင်ရာ အတွေးအခေါ်မြင့်မားစေရေး ဟန်ချက်ညီညီ ဖြည့်ဆည်းဖော်ဆောင်ပေးနေခြင်းဖြစ်သည်။

ယနေ့ကာလတွင် စာပေလောကသားများသည် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့နှင့်အတူ စာပေတာဝန်များကို ထမ်းဆောင်နေကြပြီ။ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့သည် စာပေလောက၏ မဏ္ဍိုင်ဖြစ်ရာ စာပေလောကကို ဦးဆောင်သွားရပေမည်။ စာပေဆုရ စာရေးဆရာကြီးများ အပါအဝင် စာပေပညာရှင်များအားလုံးက ပြည်သူ့အကျိုးပြု စာကောင်းပေမွန်များ ဆက်လက်ရေးသားထုတ်ဝေရင်း ပြည်သူတိုင်း စာပေဖတ်ရှုသည့် အလေ့အကျင့်များ စွဲမြဲလာစေရေး ဗဟုသုတတိုးပွားရေးလုပ်ငန်းစဉ်များတွင် အစဉ်တစိုက် ပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လက်ရွေးစင်အားကစားသမားများအား ပြင်းပြင်းထန်ထန်လေ့ကျင့်ပေး အာဟာရပြည့်ဝသည့်အစာ၊ အင်အားဖြည့်ဆေးဝါးများ တိုက်ကျွေး

နေပြည်တော် မေ ၁၈

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ် ၃၄ ဖွဲ့တို့မှ အတွင်းရေးမှူးများနှင့် တာဝန်ရှိသူများအား ယမန်နေ့နံနက် ၁၀ နာရီတွင် နေပြည်တော် အားကစားဝန်ကြီးဌာနရှိ အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်အောင်နိုင်ရေးနှင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများ လက်ခံကျင်းပရေးဆိုင်ရာများကို မှာကြားသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့ချုပ်များမှ တာဝန်ရှိသူများက အဖွဲ့ချုပ်အသီးသီး၌ စခန်းသွင်း လေ့ကျင့်နေကြသည့် အားကစားသမားများ၏ နေထိုင်စားသောက်ရေးဆောင်ရွက်ထားရှိမှု၊ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မှုနှင့် ပြိုင်ပွဲကျင်းပမှုတို့အတွက် လိုအပ်သည့် ဒိုင်၊ ဂျူရီများကိစ္စ၊ သင်တန်းများ ဖွင့်လှစ်လေ့ကျင့်ပေးရေးကိစ္စနှင့် လိုအပ်ချက်ရှိသည်များကို ဆွေးနွေးတင်ပြကြပြီး ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူက ဖြည့်စွက်တင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက စခန်းသွင်းလေ့ကျင့်နေကြသည့် မြန်မာလက်ရွေးစင် အားကစားသမားများအား ပြင်းပြင်းထန်ထန် လေ့ကျင့်ပေးရေး၊ လေ့ကျင့်မှု ပြင်းထန်သည်နှင့်အမျှ အာဟာရပြည့်ဝသည့် အစားအစာများ ကျွေးမွေးရေး၊ လေ့ကျင့်ရေးဝတ်စုံနှင့် အထောက်အကူပြုပစ္စည်းများ ထောက်ပံ့ပေးရေး၊ စားစရိတ်များ တိုးမြှင့်ချမှတ်ပေးရေးနှင့် အင်အားဖြည့်ဆေးဝါးများ တိုက်ကျွေးရေးတို့နှင့်စပ်လျဉ်း၍ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း မြန်မာနိုင်ငံအားကစား အဖွဲ့ချုပ် ၃၄ ဖွဲ့တို့မှ အတွင်းရေးမှူး များနှင့် တာဝန်ရှိသူများအား တွေ့ဆုံ မှာကြားစဉ်။ (သတင်းစဉ်)

ကလေးမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီး၀၀ ၁ည့်ရှု (ဆေမှုူး)နှ ၃၀ ၂၀၁၅ ၁ -၀၂

ကြည့်ရှုစစ်ဆေး

ပြန်ကြားရေး ဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ကျန်စစ်သားမင်းနန်းတော်ရာ တူးဖော်မှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

သုတေသနပြုတူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မူလလက်ရာ မပျက်စီးမထိခိုက်အောင် စနစ်တကျတူးဖော် တွေ့ရှိသည့်လက်ရာများကို ခေတ်အလိုက်ခွဲခြားသတ်မှတ်နိုင်ရန် သုတေသနလုပ်ငန်းများ စနစ်တကျပြုလုပ်

ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း အနော်ရထာမင်းနန်းတော်ရာနှင့် ကျန်စစ်သားမင်းနန်းတော်ရာတူးဖော်မှုများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၈

ပြန်ကြားရေးဝန်ကြီးဌာနနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် မေ ၁၅ ရက် ညနေပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ အနော်ရထာမင်းနန်းတော်ရာ တူးဖော်မှုနှင့် ကျန်စစ်သားမင်းနန်းတော်ရာ တူးဖော်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက သုတေသနပြုတူးဖော်ရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရာတွင် မူလလက်ရာ မပျက်စီးမထိခိုက်အောင် စနစ်တကျတူးဖော်ရေး၊ အနော်ရထာမင်းနန်းတော်ရာကို သဘာ၀ဘေးဒဏ်၊ ရာသီဥတုဒဏ်၊ မိုးရေဒဏ်မှ ကာကွယ်နိုင်အောင် အမိုးများ ဖြည့်စွက် တိုးချဲ့အုပ်မိုးရေးနှင့်တူးဖော်တွေ့ရှိသည့် လက်ရာများကို ခေတ်အလိုက်ခွဲခြားသတ်မှတ်နိုင်ရန် သုတေသန လုပ်ငန်းများကို စနစ်တကျ စိစစ်ပြုလုပ်ကြရေး မှာကြားသည်။

မှာကြား

ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် မေ ၁၆ ရက်တွင် ပခုက္ကူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ ရောက်ရှိပြီး ခရိုင်နှင့် မြို့နယ်များမှ ဦးစီးအရာရှိများအား တွေ့ဆုံ၍ ကျေးရွာစာကြည့်တိုက်များအားလုံး စံ(၅)ချက်နှင့် ကိုက်ညီသည့် ခိုင်မာစာကြည့်တိုက်များဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ရေး၊ ယင်းစာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးရေး၊ ကျေးရွာတိုင်းသို့ နေ့စဉ်ထုတ်သတင်းစာများ ရောက်ရှိရေးတို့အတွက် အပင်ပန်းခံကွင်းဆင်းဆောင်ရွက်ကြရေးတို့ကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရုံးအတွင်းပြသထားသည့် အသိပညာပေး နံရံကပ်စာစောင်များ၊ ပိုစတာများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

(သတင်းစဉ်)

ပြည်တွင်းဈေးကွက်သတင်း

ယခုအပတ် ပြည်တွင်းပဲမျိုးစုံဈေးကွက်များတွင် မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲစင်းငုံ ဈေးနှုန်းများမှာ ဈေးကွက်အလိုက် အတက်အကျများ ဖြစ်ပေါ်လျက်ရှိသည်။

မတ်ပဲ။ *။ မတ်ပဲဈေးကွက်မှာ အတက်အကျမရှိ တည်ငြိမ်လျက်ရှိသည်။ သို့သော်ပြည်မတ်ပဲဈေးကွက်မှာ ယခင်မတ်ပဲ တစ်တန်ဈေးနှုန်းထက် ကျပ် ၅၀၀၀ ကျော်တက်လာခဲ့ပြီး ဟင်္သာတမတ်ပဲဈေးကွက်မှာ ယခင်အပတ်က မတ်ပဲတစ်တန် ဈေးနှုန်း ကျပ် ၅၈၁၇၀၀ သာရှိခဲ့ရာမှ ယခု ကျပ် ၅၈၇၈၀၀ သို့လည်းကောင်း တက်လာခဲ့သည်။*

ပဲတီစိမ်း။ *။ ပြည်တွင်းပဲတီစိမ်းဈေးကွက်တွင် မုံရွာပဲတီစိမ်းဈေးကွက်မှာ ယခင်အပတ်က ပဲတီစိမ်းတစ်တန်ဈေးနှုန်း ကျပ် ၇၅၇၅၀၀ သာရှိခဲ့ရာမှ ယခု ကျပ် ၇၇၃၄၀၀ သို့လည်းကောင်း တက်လာခဲ့သည်။*

မန္တလေးပဲတီစိမ်းဈေးကွက်မှာ ယခင်ပဲတီစိမ်းတစ်တန်ဈေးနှုန်း ကျပ် ၈၇၀၈၈၀ မှ ယခု ကျပ် ၇၀၇၉၀၀ သို့လည်းကောင်း၊ ရန်ကုန်ပဲတီစိမ်းဈေးကွက်မှာလည်း ပြည်ပသို့တင်ပို့ရန်အတွက် အ၀ယ်ရှိနေသဖြင့် ဈေးအနည်းငယ်မြင့်လာခဲ့သည်။

ပဲစင်းငုံ(နီ)။ *။ ပြည်တွင်းပဲစင်းငုံ(နီ)တစ်တန်ဈေးနှုန်း ကျပ် ၅၀၅၂၀၀ မှ ယခု ကျပ် ၄၉၉၀၀၀ သို့လည်းကောင်း၊ ပခုက္ကူ ပဲစင်းငုံ(နီ)ဈေးကွက်မှာ ယခင်ပဲစင်းငုံနီ တစ်တန်ဈေးနှုန်း ကျပ် ၄၉၉၀၀၀ မှ ယခု ကျပ် ၄၉၆၀၀၀ သို့လည်းကောင်း ကျဆင်းလျက်ရှိသည်။*

နှမ်း(ဖြူ)။ *။ ပြည်တွင်း နှမ်း(ဖြူ)ဈေးကွက်တွင် မကွေးနှမ်း(ဖြူ)ဈေးကွက်မှာ မေလပထမပတ်က နှမ်း(ဖြူ)တစ်တန် ဈေးနှုန်း ကျပ် ၄၀၀၀၀ ကျော် ကျဆင်းခဲ့သည်။ ယခင်အပတ်က နှမ်း(ဖြူ)တစ်တန်ဈေးနှုန်း ကျပ် ၁၀၄၁၀၀၀ သာရှိခဲ့ရာမှ ယခု ကျပ် ၁၀၄၇၁၀၀ ထိ တက်လာပြန်သည်။ ကျန်နှမ်း(ဖြူ)ဈေးကွက်များမှာ တည်ငြိမ်လျက်ရှိသည်။*

ကြက်သွန်နီနှင့် ကြက်သွန်ဖြူ။ *။ ပြည်တွင်းကြက်သွန်နီဈေးကွက်များတွင် မေလဆန်းပိုင်းမှစ၍ ဈေးနှုန်းများအေးလျက်ရှိရာ ယခုတိုင် ဈေးကွက်အလိုက် ဈေးနှုန်းများတည်ငြိမ်လျက်ရှိသည်။ မကွေးကြက်သွန်ဖြူဈေးကွက်မှာ ယခင်အပတ်က ကြက်သွန်ဖြူဈေးနှုန်း တစ်ပိဿာ ကျပ် ၃၆၀၀ မှ ယခု ကျပ် ၃၃၀၀ သို့ ကျဆင်းခဲ့သည်။*

နိုင်လင်းကြည်

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၈-၅-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
တရုတ် (ယွမ်)	၆. ၅၀၀၄၅	၀. ၁၅၃၆၀
ထိုင်း (ဘတ်)	၃၀. ၃၂၉၉	၀. ၀၃၂၉၇
အိန္ဒိယ (ရူပီး)	၄၅. ၀၆၅၀	၀. ၀၂၂၁၉
မလေးရှား (ရင်းဂစ်)	၃. ၀၄၂၅၀	၀. ၃၂၈၆၈
စင်ကာပူ (ဒေါ်လာ)	၁. ၂၄၄၄၅	၀. ၈၀၃၅၇
ဂျပန် (ယန်း)	၈၁. ၂၈၀၅	၀. ၀၁၂၃၀
တောင်ကိုရီးယား (ဝမ်)	၁၀၈၇. ၉၁	၀. ၀၀၀၉၅
ယူရို	၀. ၇၀၄၂၇	၁. ၄၁၉၉၀
ဗြိတိသျှ (ပေါင်)	၀. ၆၂၀၆၅	၁. ၆၁၁၂၂

အင်တာနက်။

စစ်ကိုင်း၌ ညောင်ရေသွန်းလောင်း

စစ်ကိုင်း မေ ၁၈

ကဆုန်လပြည့်နေ့ (ဗုဒ္ဓနေ့)က ညောင်ရေသွန်းလောင်းပွဲများကို စစ်ကိုင်းမြို့ရှိ ထူပါရုံ၊ ဆင်များရှင်၊ မရှိခဏ၊ မဟာစည်းခုံကြီး စေတီတော်များတွင် ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားစွာ ကျင်းပခဲ့ကြသည်။

ပါရမီရပ်ရှိ မဟာစည်းခုံကြီးစေတီတော်ကြီးမှာရှေးမူမပျက် ပြန်လည်ပြုပြင်ထားသည့် ဘုရားဖြစ်ပြီး ကဆုန်ညောင်ရေသွန်းလောင်းပွဲကို ယခုနှစ်တွင် ပထမဆုံး ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ (၅၃၁)

ဆေးတက္ကသိုလ်(မကွေး) တွေ့ဆုံပွဲ ကျင်းပမည်

ရန်ကုန် မေ ၁၈

ဆေးတက္ကသိုလ်(မကွေး)၏ (၁၀)နှစ်ပြည့် တွေ့ဆုံပွဲကို မေ ၂၂ ရက် နံနက် ၉ နာရီတွင် ဆေးတက္ကသိုလ် မကွေးခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဆရာကြီး၊ ဆရာမကြီးများ၊ ကျောင်းသား၊ ကျောင်းသူအသစ်များ၊ အဟောင်းများနှင့် ဘွဲ့ရဆရာဝန်များ၊ ဘွဲ့လွန်ဆရာဝန်များအားလုံး တက်ရောက်ကြပါရန်နှင့် လိုက်ပါလိုသော စုရပ်များကို ဒေါက်တာ ကျော်လင်းထွန်း ဖုန်း-၀၉-၈၅၇၅၉၉၇၊ ဒေါက်တာ သက်အောင်စိုး ဖုန်း-၀၉-၅၀၆၃၀၁၅ တို့သို့ အချိန်မီ ဆက်သွယ်နိုင်ပြီး ရန်ကုန်မှ မေ ၂၁ ရက် ည ၉ နာရီတွင် ဗဟိုအမျိုးသမီးဆေးရုံရှေ့စုရပ်မှ ကားများ စတင်ထွက်ပါမည်။

မန္တလေးမှ လိုက်ပါမည့်သူများသည် ဦးကျော်ဆန်း လက်ထောက်မော်ကွန်းထိန်း ဆေးတက္ကသိုလ်(မကွေး) ဖုန်း-၀၉-၄၃၀၄၂၄၁၂ သို့ ဆက်သွယ်စာရင်းပေးရန်နှင့် မေ ၂၁ ရက်(စနေနေ့)ည ၉ နာရီတွင် မန္တလေးဆေးတက္ကသိုလ်ရှေ့မှ ကားစတင်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၉-၅-၂၀၁၁ (ကြာသပတေးနေ့)

AM & PM

- ၅း၀၅ ပဌာန်းပါဠိတော်+ဇေဂ္ဂသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "စိတ်ထားတူမှနိဗ္ဗာန်ရ" တရားတော်
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၈)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၆၆)**
- ၈း၄၅ အေးချမ်းသာယာအင်းတကော် စိတ္တာသုခမဟာမြိုင်သိမ်ကုန်းကျောင်းမှာ
- ၉း၀၀ Activities In The City
- ၉း၂၀ အံ့ဖွယ်တန်ခိုးတော်အဖြာဖြာ ကျောင်းတော်ရာ
- ၉း၃၅ Fashion Talk
- ၁၀း၀၀ Activities In The City
- ၁၀း၂၀ မင်္ဂလာတိုက်(မှော်ဘီ)၏ သုမင်္ဂလဝိလာသိနီမွှာရုံ ရေစက်ချ အလှူတော်မင်္ဂလာ
- ၁၀း၄၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၁း၁၀ The Champion of Dance
- ၁၁း၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂း၁၀ ဆေးလိပ်ဖြတ်ပွဲအခမ်းအနားနှင့် အသည်းခြောက်ရောဂါ
- ၁၂း၃၅ ဂီတနက်သန်ကိုစောညိန်းသို့ ဂုဏ်ပြုခြင်းအမှတ်တရ တေးသီချင်းများ
- ၁း၀၀ "စိတ်ထားတူမှနိဗ္ဗာန်ရ" တရားတော်
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ Quiz Idol
- ၃း၂၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၈)**
- ၄း၁၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၆၆)**
- ၅း၀၀ အနုပညာရုပ်ဝန်းမှရင်ခုန်သံများ
- ၅း၂၅ ဓာတ်ပုံထဲမှအမှတ်တရများ
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၉)**
- ၇း၀၅ Style ရှိမှ Star ဖြစ်မယ်
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ စကားနပန်း
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၆၇)**
- ၁၀း၁၅ အားကစားမြင်ကွင်းစုံ
- ၁၀း၄၅ "ရွှေဖြူ"ဟုခေါ်သည်
- ၁၁း၀၅ အနုပညာမိုးကောင်းကင်
- ၁၁း၂၅ ဘတောဝါနောဘရိဿတိ
- ၁၂း၂၅ သင်ယူလေ့လာဂီတပညာ
- ၁၂း၄၀ Man And The Elephant
- ၁း၀၀ ဖန်တီးသူနှင့်အနုပညာ
- ၁း၃၀ ပိတုန်းရောင် ကေသာဦးအတွက်. .
- ၁း၃၅ လှုပ်ရှားစုံစုံ မြန်မာ့သုခမဇာတ်ခုံ
- ၂း၀၀ လက်ဖက်ရဲ့အဖော်နှစ်ပြန်ကြော်
- ၂း၁၀ နုယဉ်ဆန်းထွင်ပန်းအလှဆင်
- ၂း၄၅ ပြင်ဦးလွင်မြို့မှ ပြင်ဦးလွင် စတားဆွယ်တာလုပ်ငန်း
- ၃း၀၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄း၀၅ မောတို့မြေမှအံ့ဖွယ်ထူးခြား လိုဏ်ဂူများ
- ၄း၅၀ ကံကူထွဋ်ခေါင် ပိတ်ချင်းမြောင်

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် လည်းကောင်း၊ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် လည်းကောင်း၊ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ထောက်ပံ့ပေးအပ်

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး မျိုးမြင့်ကြိုင် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် တပ်ဖွဲ့ဝင်မိသားစုများအား ပညာသင်စရိတ် ထောက်ပံ့ ပေးအပ်စဉ်။

(ကြေးမုံ)

ပါကစ္စတန်ဝန်ကြီးချုပ် ယူဆွတ်ရာဇာဂီလာနီ တရုတ်နိုင်ငံ၌ လေးရက်ကြာချစ်ကြည်ရေးခရီးစဉ်လှည့်လည်

ပေကျင်း မေ ၁၈

ပါကစ္စတန်နှင့် တရုတ်နိုင်ငံတို့သည် ရင်းနှီးချစ်ကြည်မှု ခိုင်မြဲလျက်ရှိသော အိမ်နီးချင်းနိုင်ငံများဖြစ်ကြောင်း ပါကစ္စတန်ဝန်ကြီးချုပ် ယူဆွတ်ရာဇာဂီလာနီက တရုတ်နိုင်ငံ အရှေ့ပိုင်း ကျန်းစုပြည်နယ် စုကျိုးမြို့၌ မေ ၁၈ ရက်က ကျင်းပသော ယဉ်ကျေးမှုဖိုရမ်ဆွေးနွေးပွဲတွင် ပြောကြားသည်။

ပါကစ္စတန်ဝန်ကြီးချုပ် ယူဆွတ်ရာဇာဂီလာနီသည် တရုတ်နိုင်ငံ၌ လေးရက်ကြာ ချစ်ကြည်ရေးခရီးစဉ် လှည့်လည်လျက်ရှိသည်။ ၎င်းသည် နှစ်နိုင်ငံဆက်ဆံရေး မြှင့်တင်နိုင်ရန် ရည်ရွယ်လျက် တရုတ်နိုင်ငံသို့ လာရောက်ခြင်းဖြစ်သည်။

ဂီလာနီသည် တရုတ်နိုင်ငံ ခရီးစဉ်၏ ပထမဆုံးသောခရီးထောက်မြို့အဖြစ် ရှန်ဟိုင်းမြို့သို့ မေ ၁၇ရက်က ရောက်ရှိခဲ့သည်။

ပါကစ္စတန်နှင့် တရုတ်နိုင်ငံတို့ နှစ်နိုင်ငံသံတမန်ဆက်ဆံရေး ထူထောင်မှု နှစ် ၆၀ ပြည့်အခါသမယတွင် တရုတ်နိုင်ငံသို့ ဂီလာနီရောက်ရှိလာသည်။ နှစ်နိုင်ငံ ခေါင်းဆောင်များသည် ယခုနှစ်ကို ချစ်ကြည်ရေးနှစ်အဖြစ် သတ်မှတ်ထားသည်။

တရုတ်နိုင်ငံသည် ပါကစ္စတန်နိုင်ငံ၏ ယုံကြည်စိတ်အချရဆုံး မိတ်ဆွေနိုင်ငံ ဖြစ်ကြောင်း ဂီလာနီက ပြောကြားသည်။ တရုတ်နိုင်ငံသည် မည်သည့်အခြေအနေ မျိုးတွင်မဆို ပါကစ္စတန်နိုင်ငံဘက်မှ ရပ်တည်ကာ မိတ်ဆွေကောင်းနိုင်ငံအဖြစ်ပြသခဲ့ သည်ကို အချိန်က သက်သေခံကြောင်း ဂီလာနီက ပြောကြားသည်။

ဂီလာနီ၏ ခရီးစဉ်အတွင်း နှစ်နိုင်ငံသဘောတူညီချက်များ လက်မှတ်ရေးထိုး ကြမည်ဟု မျှော်လင့်ရသည်။ တရုတ်ခေါင်းဆောင်များနှင့် တွေ့ဆုံသည့်အခါ စီးပွားရေးနှင့်ဘဏ်လုပ်ငန်းဆိုင်ရာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကိုလည်း ဆွေးနွေးဖွယ်ရှိသည်ဟု သတင်း၌ ဖော်ပြသည်။

ဆွေးနွေးမည်

ပါကစ္စတန်နှင့် တရုတ်နှစ်နိုင်ငံ ကာကွယ်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းအတွက် ထောက်လှမ်းရေးသတင်းအချက် အလက်များ အပြန်အလှန် ဖလှယ်ရေး၊ နှစ်နိုင်ငံ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံရေး ကိစ္စများကို ဆွေးနွေးမည်ဖြစ်ကြောင်းသတင်း၌ ပါရှိသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

မေ ၁၈ရက်က ပေကျင်းမြို့ရှိ ပြည်သူ့မဟာခန်းမဆောင်ကြီး၌ ကျင်းပသည့် ကြိုဆိုပွဲအခမ်းအနားတွင် ပါကစ္စတန်ဝန်ကြီးချုပ် ဂီလာနီနှင့် တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်တို့အား တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ရုရှားအာကာသတပ်ဖွဲ့များအတွက် ရေဒါစခန်းသစ် တည်ဆောက်လျက်ရှိ

မော်စကို မေ ၁၈

ရုရှားအာကာသတပ်ဖွဲ့များအတွက် ရေဒါစခန်းသစ်ကို ဘောလ်တစ်ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်သော ကာလီနင်ဂရက်မြို့၌ တည်ဆောက်လျက်ရှိကြောင်း၊ ယခုနှစ်ကုန်ထက်နောက်မကျဘဲ ရေဒါအသစ်ကို စမ်းသပ်မည်ဖြစ်ကြောင်း ရုရှား နိုဗိုစတီသတင်းဌာနက ယနေ့သတင်းထုတ်ပြန်သည်။

ရုရှားအာကာသတပ်ဖွဲ့များအတွက် ရေဒါစခန်း တည်ဆောက်လျက်ရှိကြောင်း မော်စကိုမြို့ ဆင်ခြေဖုံး ကရာဇနိုနာ မက်မြို့ရှိ အာကာသတပ်ဖွဲ့ဆိုင်ရာ စစ်ကောင်စီအစည်းအဝေး တွင် ယင်းတပ်ဖွဲ့များ၏တပ်မှူးကြီး ဗိုလ်ချုပ်ကြီး အိုလက်အို စတာပန်ကိုက ပြောကြားသည်။

ဆိုက်ဘေးရီးယားဒေသရှိ အာကွတ်စ်မြို့၊ စိန့်ပီတာစဘတ်မြို့နှင့် ကာရာစနိုဒါမြို့တို့၌လည်း ရေဒါစခန်းများကို တည်ဆောက်လျက်ရှိရာ မကြာမီပြီးစီးမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

စိန့်ပီတာစဘတ်မြို့နှင့် ကာရာစနိုဒါမြို့တို့ရှိ ရေဒါများကို စမ်းသပ်မှုများ ပြုလုပ်ခဲ့ပြီးဖြစ်သည်။

စိန့်ပီတာစဘတ်မြို့ရှိ ရေဒါစခန်းကို ယခုနှစ်ကုန်မှစတင်ကာ ဖွင့်လှစ်နိုင်မည်ဖြစ်ကြောင်း၊ အာကာသ တပ်ဖွဲ့များအတွက် ကြိုတင်သတိပေးရေးစနစ်များကို တပ်ဆင်လျက်ရှိကြောင်း ၎င်းကပြောကြားသည်။

ကာလီနင်ဂရက်မြို့၌တပ်ဆင်လျက်ရှိသော ရေဒါစနစ်မှာ မော်ရိုနက်စ်ရေဒါစနစ်ဖြစ်ပြီး ကီလိုမီတာ ၄၀၀၀ (မိုင် ၂၅၀၀) အကွာအဝေးအတွင်း ထောက်လှမ်းနိုင်မည်ဖြစ်သည်။

အင်တာနက်။

ရုရှားအာကာသတပ်ဖွဲ့ဝင်များ အသုံးပြုနိုင်ရန် ရေဒါအသစ်တပ်ဆင်လျက်ရှိသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တရားမဝင် ပြောင်းရွှေ့လာသူ ၅၁၇ ဦးအား မက္ကဆီကို ရဲတပ်ဖွဲ့ကယ်တင်

မက္ကဆီကိုစီးတီး မေ ၁၈

မက္ကဆီကိုနိုင်ငံ ချီယာပက်စ်ပြည်နယ် ရဲအဖွဲ့သည် တရားမဝင် ရွှေ့ပြောင်းလာသူ ၅၁၇ ဦးကို နောက်တွဲယာဉ်ကြီး နှစ်စင်းအတွင်းမှ ရှာဖွေတွေ့ရှိခဲ့ကြောင်း အမျိုးသားလူဝင်မှု ကြီးကြပ်ရေးဌာနမှ တာဝန်ရှိသူများက မေ ၁၇ ရက်တွင် ပြောကြားခဲ့သည်။

အဆိုပါ တရားမဝင်ရွှေ့ပြောင်းလာသူများအား တင်ဆောင်လာသော ယာဉ်များသည် မက္ကဆီကိုနိုင်ငံ၏ အိမ်နီးချင်း ဂွါတီမာလာနိုင်ငံမှ မက္ကဆီကိုနိုင်ငံကို ဖြတ်သန်း၍ မြောက်ဘက်ရှိ အမေရိကန်ပြည်ထောင်စုသို့ ဦးတည်သွားလာနေစဉ် မေ ၁၆ ရက် ညက ပြည်နယ်ရဲအဖွဲ့က တွေ့ရှိခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

ချီယာပက်စ်ပြည်နယ် မြို့တော်တပ်စ်တယ်လာဂူတီရာ ရက်စ်မြို့အနီးရှိ စစ်ဆေးရေးစခန်း၌ ခရီးသွားယာဉ်များအား ဓာတ်မှန်ရိုက်စစ်ဆေးစဉ် ယင်းနောက်တွဲယာဉ်များအတွင်း၌ တရားမဝင်ရွှေ့ပြောင်းသူများကို အပြည့်အကျပ် ထည့်သွင်းထားသည်ကို တွေ့ရသည်ဟုဆိုသည်။

မက္ကဆီကိုနှင့် ဂွါတီမာလာနယ်နိမိတ်တစ်လျှောက်သည် အမေရိကန်ပြည်ထောင်စုသို့ တရားမဝင်ပြောင်းရွှေ့မှုများ ခိုးဝင်ဖြတ်သန်းရာ ပုံမှန်လမ်းကြောင်းဖြစ်ပြီး အန္တရာယ်အလွန်များသည်။

အခြားတစ်ပါးသော နိုင်ငံများမှ ပြောင်းရွှေ့လာသူများကို ဇီးတာ့စ်နှင့် မာရာဆယ်ထရူချာ တို့ကဲ့သို့သော ရာဇဝတ်ဂိုဏ်းများက ပြန်ပေးဆွဲကာ ၎င်းတို့၏ မိသားစုများထံမှ ပြန်ပေးရွေးငွေများ အဆမတန်တောင်းခံမှုများကြောင့် ဤလမ်းခရီးမှာ လွန်ခဲ့သော နှစ်များမှစ၍ အလွန်အန္တရာယ်ကြီးမားသော ခရီးလမ်းများအဖြစ် ပြောင်းလဲခဲ့ရသည်။ **ဆင်ဟွာ။**

နီပေါ၌ သန်းခေါင်စာရင်း ကောက်ယူ

ခတ္တမန္ဒူ မေ ၁၈

နီပေါနိုင်ငံ၌ ဗဟိုစာရင်းအင်းအဖွဲ့မှ ဦးစီး၍ သန်းခေါင်စာရင်း ကောက်ယူမှုလုပ်ငန်းကို စတင်လျက်ရှိကြောင်း တာဝန်ရှိသူတစ်ဦးက မေ ၁၈ ရက်တွင် ပြောကြားသည်။

နီပေါနိုင်ငံ၌ သန်းခေါင်စာရင်းကောက်ယူမှုကို အဆင့်နှစ်ဆင့်ဖြင့် ပြုလုပ်မည်ဖြစ်ကြောင်း၊ ပထမအဆင့်ကို မေ ၁၅ ရက်မှ ဇွန် ၁ရက်အထိလည်းကောင်း၊ ဒုတိယအဆင့်ကို ဇွန် ၁၇ရက်မှ ၂၇ ရက်အထိလည်းကောင်း သတ်မှတ်ထားကြောင်း ဗဟိုစာရင်းအင်းအဖွဲ့ လူဦးရေဌာနခွဲ အကြီးအကဲ ရူဒရာဆူဝါက ပြောကြားသည်။

ပထမအဆင့်တွင် အိမ်ထောင်စု အရေအတွက်၊ မိသားစုဝင် လူဦးရေ၊ မိသားစု အကြီးအကဲ၊ မိသားစုဝင်များ၏ အလုပ်အကိုင်များ စသည့် အထွေထွေသတင်းအချက်အလက်များကို စုဆောင်းရယူမည်ဖြစ်သည်။ ဒုတိယအဆင့်တွင် လူဦးရေဆိုင်ရာ အသေးစိတ်အချက် အလက်များရရှိရန် မေးခွန်းများကို ဖြေကြားစေကာ လူမှုရေးဖွံ့ဖြိုးတိုးတက်မှု အခြေအနေကို လေ့လာမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။ **အင်တာနက်။**

အလင်းနှစ် ၂၀ အကွာရှိဂြိုဟ်တစ်စင်း၌ သက်ရှိများ နေထိုင်၍ ရနိုင်ဖွယ်ရှိ

နယူးယောက် မေ ၁၈

ဂလိုင်ဆေး ၅၈၁ ဒီ အမည်ရှိ ကျောက်သားဂြိုဟ်တစ်စင်းသည် ကမ္ဘာမြေကဲ့သို့ သက်ရှိများရှင်သန်နိုင်သည့် အခြေအနေများ ရှိသော ဂြိုဟ်တစ်စင်းဖြစ်နိုင်ဖွယ်ရှိကြောင်း လေ့လာချက်အသစ်တစ်ရပ်ကို ကိုးကား၍ မေ ၁၇ ရက်သတင်းများတွင် ဖော်ပြသည်။

ဂလိုင်ဆေး ၅၈၁ ဒီ ကျောက်သားဂြိုဟ်သည် အနီရောင်ကြယ်ပုတစ်လုံးကို ဗဟိုပြုလှည့်ပတ်နေသော ဂြိုဟ်တစ်စင်းဖြစ်ပြီး ကမ္ဘာမြေမှ အလင်းနှစ်ပေါင်း ၂၀ အကွာတွင် တည်ရှိကြောင်းသိရသည်။

ဂလိုင်ဆေး ၅၈၁ ဒီ ဂြိုဟ်နှင့် ၎င်းလှည့်ပတ်နေသော ကြယ်တို့အကြားအကွာအဝေးသည် Habitable Zone ဟုခေါ်သည့် သက်ရှိများ နေထိုင်နိုင်သည့် အခြေအနေမျိုးတွင်ရှိပြီး ဂြိုဟ်မျက်နှာပြင်ပေါ်၌ ရေကို ထိန်းသိမ်းထားနိုင်ဖွယ်ရှိကြောင်း သိပ္ပံပညာရှင်များ၏ လေ့လာချက်တွင်ဖော်ပြသည်။

သုတေသနပြုလုပ်ချက်များအရ သမုဒ္ဒရာများတည်ရှိခြင်း၊ မိုးတိမ်နှင့် မိုးရွာသွန်းမှုများ ဖြစ်ပေါ်ခြင်းစသော အဓိကအကြောင်း တရားများတွင် ဂလိုင်ဆေး ၅၈၁ ဒီ ကျောက်သားဂြိုဟ်နှင့် ကမ္ဘာမြေတို့အကြား တူညီနေနိုင်ကြောင်း သိရသည်။

ဂလိုင်ဆေး ၅၈၁ ဒီ ဂြိုဟ်သည် ကမ္ဘာမြေထက် ခုနစ်ဆမျှပိုမိုကြီးမား၍ ကာဗွန်ဒိုင်အောက်ဆိုဒ်အခြေခံထုထဲသော လေထုလွှာက ဖုံးအုပ်ထားကြောင်း သိပ္ပံပညာရှင်တို့က ပြောကြားသည်။ ယင်းဂြိုဟ်၏ဆွဲငင်အားသည် ကမ္ဘာမြေထက် နှစ်ဆမျှ ပိုသည်ဖြစ်ရာ သက်သောင့်သက်သာလမ်းလျှောက်နိုင်ရန် လွယ်ကူမည်မဟုတ်ပေ။

ယင်းဂြိုဟ်က ဗဟိုပြုလှည့်ပတ်နေသော အနီရောင်ကြယ်ပုသည် ကမ္ဘာမြေမှ အလင်းနှစ် ၂၀မျှ ကွာဝေးသော အရပ်တွင်ရှိရာ စကြဝဠာ၏ အတိုင်းအတာအားဖြင့် ခဲတစ်ပစ်မျှသာဟု ဆိုနိုင်သော်လည်း လူသားများအတွက် ဂလိုင်ဆေး ၅၈၁ ဒီ ဂြိုဟ်သို့ ရောက်ရှိရန် နှစ်ပေါင်း ၃၀၀၀၀၀ အချိန်ယူ၍ သွားရမည်ဖြစ်သည်။ **အင်တာနက်။**

ဂလိုင်ဆေး ၅၈၁ ဒီ ဂြိုဟ်နှင့် ၎င်းဗဟိုပြုလှည့်ပတ်နေသော ဂြိုဟ်နီကြီးကို ဤသို့တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပါကစ္စတန်ရှိ ရဲတပ်ဖွဲ့စစ်ဆေးရေးဂိတ်ကို စစ်သွေးကြွများ စီးနင်းတိုက်ခိုက်

ပက်ရှ်ဝါ မေ ၁၈

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ပက်ရှ်ဝါမြို့ ဆင်ခြေဖုံးရှိ ရဲတပ်ဖွဲ့စစ်ဆေးရေးဂိတ်တွင် မေ ၁၈ရက် နံနက်စောစောပိုင်းက စစ်သွေးကြွ ၁၀၀ကျော်က ဝင်ရောက်စီးနင်း တိုက်ခိုက်ရာ ရဲတပ်ဖွဲ့ဝင်နှစ်ဦးနှင့် စစ်သွေးကြွများဘက်မှ ၂၂ဦး ထက်မနည်းသေဆုံးကြောင်း သတင်းတွင် ဖော်ပြသည်။

စစ်သွေးကြွများသည် ဒုံးကျည်များ၊ စိန်ပြောင်းများ အပါအဝင် လက်နက်အင်အားအလုံးအရင်းဖြင့် ရဲတပ်ဖွဲ့ စစ်ဆေးရေးဂိတ်ကို စီးနင်းတိုက်ခိုက်ကြခြင်းဖြစ်သည်။ ရဲတပ်ဖွဲ့ဝင်များဘက်မှလည်း အပြန်အလှန်ပစ်ခတ်ကြရာ တိုက်ပွဲဖြစ်ပွားခဲ့သည်။

မန်ဇိုရှာဟစ်ဒေသရှိ ရဲတပ်ဖွဲ့စစ်ဆေးရေးဂိတ် တိုက်ခိုက်ခံခဲ့ရသည်။ ရဲတပ်ဖွဲ့ဝင်များဘက်မှ ငါးဦး ဒဏ်ရာရ၍ စစ်သွေးကြွများဘက်မှ အများအပြားဒဏ်ရာရရှိသည်ဟုဆိုသည်။

စစ်သွေးကြွများက လက်ပစ်ဗုံးများဖြင့်ရော ဒုံးကျည်များဖြင့်ပါ ပစ်ခတ်တိုက်ခိုက်သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

ပါကစ္စတန်နိုင်ငံတွင် အယ်လ်ခိုင်ဒါအဆက်အနွယ် တာလီဘန်စစ်သွေးကြွများ၏ အကြမ်းဖက်တိုက်ခိုက်မှုများ တိုးသည်ထက်တိုးလာကြောင်း သတင်းတွင်ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

အင်ဒဲဗားအာကာသလွန်းပြန်ယာဉ် နိုင်ငံတကာ အာကာသစခန်းယာဉ်သို့ ဆိုက်ရောက်

ဖလော်ရီဒါ မေ ၁၈

အင်ဒဲဗားအာကာသလွန်းပြန်ယာဉ်သည် အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်ရှိ ကနေဒီအာကာသစခန်းမှ စတင်ထွက်ခွာခဲ့ပြီး နှစ်ရက်အကြာ မေ ၁၈ ရက်တွင် နိုင်ငံတကာ အာကာသစခန်းယာဉ်သို့ ဆိုက်ရောက်သွားပြီဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ယနေ့သည် အာကာသသမိုင်းတွင် အရေးပါသော နေ့တစ်နေ့ဖြစ်ကြောင်း ပျံသန်းရေးဆိုင်ရာ ညွှန်ကြားရေးမှူး ဂါရီဟော်လာချာက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အာကာသယာဉ်မှူး ခြောက်ဦးလိုက်ပါလာသော အင်ဒဲဗား အာကာသလွန်းပြန်ယာဉ်နှင့်အတူ ဒေါ်လာ နှစ်ဘီလီယံတန်ဖိုးရှိ လျှပ်စစ်သံလိုက်လှိုင်းတိုင်းတာရေး ကိရိယာတစ်ခုပါရှိပြီး သုတေသနလုပ်ငန်းအတွက် အသုံးပြုမည်ဖြစ်သည်။

အဆိုပါ ကိရိယာကို အာကာသစခန်းယာဉ်၌ မေ ၁၉ ရက်တွင် တပ်ဆင်မည်ဖြစ်သည်။

အင်တာနက်။

☆ ရှေ့ဖုံးမှ

ဒုတိယလက်ထောက် နိုင်ငံခြားရေးဝန်ကြီးနှင့် အဖွဲ့သည် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တွေ့ဆုံသည်။

ညပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်သည် ဧည့်သည် အမေရိကန်ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော် ဟိုတယ်ဇုန်ရှိ ရွှေနန်းတော်ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယလက်ထောက် နိုင်ငံခြားရေးဝန်ကြီး Mr. Joseph Yuosang Yun ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ခဲမဖြူသတ္တုကဏ္ဍ ရင်းနှီးမြှုပ်နှံမှုနှင့် တူးဖော်ထုတ်လုပ်မှုဆိုင်ရာကိစ္စများ ရင်းနှီးခင်မင်စွာ ဆွေးနွေး

နေပြည်တော် မေ ၁၈

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား ထိုင်းနိုင်ငံအခြေစိုက် Myanmar Pongpipat Company Limited ဥက္ကဋ္ဌ Mr.Som Pong Chavaltanpipat သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

ဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် ခဲမဖြူသတ္တုကဏ္ဍ ရင်းနှီးမြှုပ်နှံမှုနှင့် တူးဖော်ထုတ်လုပ်မှုဆိုင်ရာကိစ္စများနှင့် စပ်လျဉ်း၍ ရင်းနှီးခင်မင်စွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား ထိုင်းနိုင်ငံအခြေစိုက် Myanmar Pongpipat Company Limited ဥက္ကဋ္ဌ Mr. Som Pong Chavaltanpipat လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ယူနန်ပြည်နယ် ရုပ်မြင်သံကြားဌာန ဥက္ကဋ္ဌ ဦးဆောင်သောအဖွဲ့ နေပြည်တော်သို့ ရောက်ရှိ

နေပြည်တော် မေ ၁၈

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ရုပ်မြင်သံကြားဌာန ဥက္ကဋ္ဌ Mr. Zhao Shuqing ဦးဆောင်သောအဖွဲ့သည် မေ ၁၆ ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိကြပြီး ရန်ကုန်မြို့ ကုက္ကိုင်းရိပ်သာလမ်းရှိ မြန်မာ့ရုပ်ရှင်လုပ်ငန်း ရုံးချုပ်၌ မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ တာဝန်ရှိသူများနှင့်လည်းကောင်း၊ ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ MRTV-4 နှင့် ဆက်စပ်ရုပ်သံလိုင်းများ ထုတ်လွှင့်နေသော Forever Group နှင့် Family Entertainment တို့မှ တာဝန်ရှိသူများနှင့် လည်းကောင်း၊ Myanmar International Channel နှင့် ဆက်စပ်ရုပ်မြင်သံကြား အစီအစဉ်များ ထုတ်လွှင့်နေသော ရွှေသံလွင် ကုမ္ပဏီလီမိတက်တို့မှ တာဝန်ရှိသူများနှင့်လည်းကောင်း တွေ့ဆုံခဲ့သည်။

ထို့နောက် မေ ၁၇ ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် မန္တလေးမြို့သို့ ရောက်ရှိကြပြီး စစ်ကိုင်းမြို့၊ မန္တလေးမြို့နှင့် ပြင်ဦးလွင်မြို့နယ်ရှိ ရတနာပုံနည်းပညာမြို့သစ်တို့၌ လှည့်လည်ကြည့်ရှုလေ့လာကြသည်။

အဆိုပါအဖွဲ့သည် မေ ၁၈ ရက် နံနက်ပိုင်းတွင် မော်တော်ယာဉ်ဖြင့် မန္တလေးမြို့မှ နေပြည်တော်သို့ ရောက်ရှိကြပြီး နေပြည်တော်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ သွားရောက်ကြည့်ရှုလေ့လာကြကာ မွန်းလွဲပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာ ပြတိုက် (နေပြည်တော်)သို့ သွားရောက် ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ရုပ်မြင်သံကြားဌာန ဥက္ကဋ္ဌ Mr. Zhao Shuqing ဦးဆောင်သောအဖွဲ့ နေပြည်တော်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ကြည့်ရှုလေ့လာကြစဉ်။

(သတင်းစဉ်)

နိုင်ငံတကာအဆင့် မုန့်မျိုးစုံပြုလုပ်ပြင်ဆင်နည်း သင်တန်းဖွင့်မည်

ရန်ကုန် မေ ၁၈

ပြည်တွင်း၊ ပြည်ပရှိ ဟိုတယ်၊ စားသောက်ဆိုင်နှင့် အပျော်စီးသင်္ဘောလိုင်းများတွင် တာဝန်ထမ်းဆောင်လိုသူများနှင့် ကိုယ်ပိုင်လုပ်ငန်းတွင် ကျွမ်းကျင်သူတစ်ယောက်အဖြစ် လုပ်ကိုင်လိုသူများအတွက် (နိုင်ငံတကာအဆင့် ပေါင်မုန့်၊ ကိတ်မုန့်နှင့် မုန့်မျိုးစုံ ပြုလုပ်ပြင်ဆင်နည်းသင်တန်း) သင်တန်းအပတ်စဉ်အသစ်ကို မေလ နောက်ဆုံးပတ်အတွင်း ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန အသိအမှတ်ပြု Star Resources Hospitality Management Academy တွင် ဖွင့်လှစ်မည် ဖြစ်သည်။

သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်ပြီး သင်တန်းတက်ရောက်နေစဉ်နှင့် သင်တန်းတက်ရောက်ပြီးသူများ အတွက် လုပ်ငန်းခွင်ဝင်ရောက်နိုင်ရန်နှင့် ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်လိုသူများအတွက် လိုအပ်သောအကူအညီများ အခမဲ့ကူညီပေးသွားမည်ဖြစ်သည်။

စိတ်ပါဝင်စားသူများ Star Resources Hospitality Management Academy တိုက်(၂၆၇) အခန်း(၃၀၂) ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ဖုန်း- ၅၂၃ ၆၂၃၊ ၅၂၃ ၂၀၀၊ ၄၄၀ ၂၂၅၆၊ ၀၉-၅၀၂၀ ၃၀၂ တို့သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

မူးယစ်ဆန့်ကျင်အောင်ပွဲဝင်

ကြေးမုံ The Mirror — ကျန်းမာရေးရာသိမှတ်စရာ

ဆယ်ကျော်သက်နှင့် ဆေးလိပ်အန္တရာယ်

ကမ္ဘာပေါ်၌ ဆေးလိပ်သောက်သုံးခြင်းကြောင့်ဖြစ်သော ရောဂါများကြောင့် နှစ်စဉ်သေဆုံးရသူဦးရေမှာ သုံးသန်းခန့်ရှိရာမှ သက္ကရာဇ် ၂၀၂၅ သို့အရောက်တွင် ၁၀ သန်းခန့်အထိ ဖြစ်လာနိုင်ကြောင်း သုတေသီများမှ ခန့်မှန်း ပြောဆိုထားပါသည်။

ဆေးလိပ်တစ်လိပ်သောက်လျှင် ငါးမိနစ် အသက်တိုကြောင်း၊ ဆေးလိပ်စသောက်သည့်အရွယ်စောလျှင် အသက်ပိုတိုစေကြောင်း၊ ဆေးလိပ်သောက်သောသူသည် အိပ်၍မရခြင်း၊ စိတ်ဓာတ်ကျလွယ်ခြင်းများ ပိုမိုဖြစ်ပွားခြင်းကြောင့် စာသင်ကြားမှုကို ထိခိုက်စေကြောင်း တွေ့ရှိရပါသည်။ ထို့ပြင် ဆေးလိပ်သောက်သူများသည် ခန္ဓာကိုယ်အလေးချိန်လျော့စေကြောင်း၊ အားကစားကိုလည်း ထိခိုက်စေကြောင်း သိရှိရပါသည်။

၎င်းတို့အပြင် ဆေးလိပ်သောက်ခြင်းကြောင့် မျက်စိကွယ်ရောဂါ၊ ခံတွင်းကင်ဆာရောဂါ၊ နှလုံးသွေးကြောနှင့် အခြားသွေးကြောများကျဉ်းသည့်ရောဂါ၊ လေဖြတ်သည့်ရောဂါနှင့် နှလုံးရုတ်တရက်ရပ်သည့်ရောဂါ၊ အဆုတ်ကင်ဆာရောဂါနှင့် ရင်ကြပ်ပန်းနာရောဂါများ၊ အဆုတ်ပွရောဂါ၊ အစာအိမ်ရောဂါ၊ ဆီးအိမ်ကျောက်ကပ် ပန်ကရိယကင်ဆာရောဂါများ ဖြစ်စေနိုင်ကြောင်း၊ ကိုယ်ဝန်ဆောင်မိခင်လောင်းများ ဆေးလိပ်သောက်လျှင် ကိုယ်ဝန်ပျက်ကျတတ်ခြင်း၊ လမစေ့မီမွေးဖွားတတ်ခြင်း၊ ပေါင်ချိန်မပြည့်သောကလေးများ မွေးဖွားတတ်ခြင်း၊ ကလေးအသေမွေးတတ်ခြင်းတို့ ဖြစ်စေနိုင်ကြောင်း လေ့လာတွေ့ရှိခဲ့ပါသည်။ ဆေးလိပ်ကြောင့် ကျန်းမာရေးကို ထိခိုက်စေသည်သာမကဘဲ ဆေးလိပ်ဝယ်ရန်အတွက် ငွေကြေးကုန်ကျခြင်း၊ ဆေးလိပ်မီးပွားကြောင့် အဝတ်အထည်များမီးပေါက်ခြင်း၊ ဆေးလိပ်သောက်ခြင်းကြောင့် ရလာသောရောဂါများကို ကုသရသဖြင့် ဆေးဖိုးငွေများ ကုန်ကျခြင်းတို့အပြင် ဆေးလိပ်မီးပွားကြောင့် မတော်တဆ မီးလောင်မှုဖြစ်ပွားပြီး အသက်၊ အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးရခြင်း စသည်ဖြင့် မလိုလားအပ်သော ဆိုးကျိုးပေါင်းစုံကိုလည်း ဖြစ်စေနိုင်ပါသည်။ ထို့ပြင် ဆယ်ကျော်သက်များအနေဖြင့် ဆေးလိပ်သောက်ခြင်းမှ အစပြုကာ နောက်ဆုံးတွင် ဘိန်းဖြူစွဲပြီး ဘဝပျက်သွားသည်အထိ ဒုက္ခမျိုးစုံရောက်နိုင်ပါသည်။

မိမိကိုယ်တိုင် ဆေးလိပ်မသောက်သော်လည်း ဆေးလိပ်သောက်နေသူအနားမှာနေလျှင် ၎င်း၏ ဆေးလိပ်မီးခိုးအငွေ့ကို ရှူမိသည့်အတွက် နှလုံးရောဂါနှင့် အဆုတ်ရောဂါများ သာမန်လူထက်ပိုဖြစ်စေနိုင်ကြောင်းလည်း သိရှိရပါသည်။

ဆေးလိပ်ကုမ္ပဏီကြီးများအနေဖြင့် ကြော်ငြာအားကောင်းကောင်းဖြင့် ဆွဲဆောင်ပြီး မိမိတို့ဆေးလိပ်များ အရောင်းတွင်ကျယ်ရေးကို အားထုတ်ရာတွင် လူငယ်ထုစွဲမက်စေသော ဆွဲဆောင်မှုများပြုလုပ်ပြီး ကြော်ငြာခဲ့ကြပါသည်။ လူငယ်အများစု ကြိုက်နှစ်သက်သော သရုပ်ဆောင်မင်းသား၊ မင်းသမီးတို့ဖြင့် စွဲမက်ဖွယ်ရာပုံစံများ ပြုလုပ်၍ကြော်ငြာခြင်း၊ လူငယ်ထုနှစ်ခြိုက်စေမည့် အပြောအဆို၊ စာသားများဖြင့် ကြော်ငြာခြင်းများပြုလုပ်ပြီး လူငယ်များအား ဆေးလိပ်သောက်သုံးလာစေရန် ဆွဲဆောင်စည်းရုံးခဲ့ကြပါသည်။ ဆေးလိပ်ကြောင့် နှစ်စဉ်သေဆုံးရသဖြင့် လျော့နည်းသွားသော ဆေးလိပ်သောက်သူများကို အစားထိုးရန်အတွက် ဆေးလိပ်ကုမ္ပဏီကြီးများအနေဖြင့် လူငယ်ထုကို ပစ်မှတ်အဖြစ် ဦးတည်ပြီး ဆွဲဆောင်မှုများကြောင့် ဆယ်ကျော်သက်များ ဆေးလိပ်စွဲခဲ့ရသည်ကို လေ့လာတွေ့ရှိရပါသည်။

၎င်းတို့အပြင် အိမ်တွင် လူကြီးမိဘများ ဆေးလိပ်သောက်တတ်လျှင် ကလေးငယ်များ၌ ဆေးလိပ်သောက်သော အကျင့်ဖြစ်စေရန် အခွင့်အလမ်းပိုမိုများပြားပါသည်။ အိမ်တွင် အလွယ်တကူတွေ့ရသော ဆေးလိပ်များကို စူးစမ်းလေ့လာသည့်သဘောနှင့် သောက်ကြည့်ခြင်း၊ လူကြီးများမှ ကလေးငယ်များကို ဆေးလိပ်မီးညှိခိုင်းခြင်း စသည်တို့မှအစပြုကာ ဆယ်ကျော်သက်များ ဆေးလိပ်သောက်သည့်အကျင့် ဖြစ်စေနိုင်ပါသည်။ လူကြီးများ ဆေးလိပ်သောက်ခြင်းသည် လူငယ်များအား မကောင်းသော အမူအကျင့်များကို သွန်သင်ပြသခြင်းဖြစ်သဖြင့် လူကြီးများကိုယ်တိုင်က ဆေးလိပ်မသောက်ကြရန် အလွန်အရေးကြီးပါသည်။ ထို့ပြင် ဆေးလိပ်သောက်တတ်သော ရွယ်တူလူငယ်များကို အတုယူအားကျကာ ဆေးလိပ်သောက်သောအကျင့် စတင်စေနိုင်သဖြင့် ကလေးငယ်များအား ဆေးလိပ်သောက်သော ပတ်ဝန်းကျင်နှင့်ကင်းအောင် လူကြီးများက တတ်နိုင်သလောက် ကြိုးစားသင့်ကြပါသည်။

ဆေးလိပ်စွဲနေသူတစ်ယောက်ကို ဆေးလိပ်ဖြတ်စေရန် ကြိုးစားခြင်းထက် ဆေးလိပ်မသောက်တတ်သေးသော ကလေးငယ်တစ်ဦးကို ဆေးလိပ်သောက်သော အလေ့အကျင့် မစတင်မိစေရန် ဆေးလိပ်သောက်ခြင်း၏ ဆိုးကျိုးများကို ရှင်းပြပြီး သွန်သင်လမ်းပြခြင်းက ပိုမိုထိရောက်မှုရှိနိုင်ပါသည်။

ယနေ့ကမ္ဘာပေါ်တွင် နိုင်ငံအများစု၌ အစိုးရများမှဦးဆောင်ပြီး ဆေးလိပ်တိုက်ဖျက်ရေးလုပ်ငန်းများကို လုပ်ဆောင်နေကြပါသည်။ နှစ်စဉ် မေလ ၃၁ ရက်တွင် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အခမ်းအနားများကို ကမ္ဘာ့နိုင်ငံများ၌ ကျင်းပကြပြီး ဆေးလိပ်အန္တရာယ်မှကာကွယ်ရန် တိုက်တွန်းလျက်ရှိပါသည်။ မိမိတို့မြန်မာနိုင်ငံသည်လည်း အခြားသောနိုင်ငံများနည်းတူ ဆေးလိပ်တိုက်ဖျက်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် တက်ကြွစွာ ဆောင်ရွက်လျက်ရှိပါသည်။ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေကို ထုတ်ပြန်ကြေညာပြီး ဆေးလိပ်လုံးဝသောက်ခွင့်မရှိသောနေရာများကို တိကျစွာဖော်ပြထားပါသည်။

အဆိုပါဥပဒေအရ ကျောင်းပရဝဏ်အတွင်းနှင့် ကျောင်းပရဝဏ်မှ ပေ ၁၀၀ အတွင်း ဆေးလိပ်မရောင်းရပါ။ အသက်(၁၈)နှစ် မပြည့်သေးသောသူအား ဆေးလိပ်ရောင်းချခြင်း၊ ဆေးလိပ်ပေးခြင်း၊ အသက်(၁၈)နှစ်မပြည့်သေးသောသူထံမှ ပစ္စည်းတစ်ခုခုကို ဆေးလိပ်နှင့် လဲလှယ်ခြင်း စသည်တို့မပြုလုပ်ရပါ။ အသက် (၁၈)နှစ်မပြည့်သေးသောသူကို ဆေးလိပ်ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်းပြုရာတွင် ခိုင်းစေခြင်းမပြုရပါ။ စီးကရက်ကို လွယ်ကူစွာ ဝယ်ယူသောက်သုံးနိုင်စေရန် တစ်လိပ်ချင်းဖြစ်စေ၊ အလိပ် ၂၀ ထက် နည်းသောအထုပ်ဖြင့်ဖြစ်စေ ရောင်းချခြင်း မပြုလုပ်ရပါ။

လူငယ်လူရွယ်များ ဆေးလိပ်သောက်သုံးခြင်းအလေ့အထ အစမပြုမိစေရန်အတွက် လူငယ်လူရွယ်တို့လက်ထဲသို့ ဆေးလိပ်များ အလွယ်တကူ မရောက်ရှိနိုင်စေရန် ကြိုးပမ်းရမည်ဖြစ်ပါသည်။

ထွန်းအောင်လှ
(လုပ်ငန်းခွင်ကျန်းမာရေး)

အသိပညာမြင့်မားရေးကွန်ရက် တည်ဆောက်မှုနှင့် ပခုက္ကူစာပေဆု

မောင်စိမ်းနောင်
(လယ်ဝေး)

ပခုက္ကူမြို့၏ ၂၀၁၁ ခုနှစ် မေလ ၁၆ ရက်နေ့ နံနက်ခင်းသည် ကျက်သရေရှိလွန်းလှသည်။ ပြီးခဲ့သောရက်များက မိုးရွာထားသဖြင့်လည်း အလွန်ပူသည်ဟူသော ပခုက္ကူသည် ယနေ့မပူ။ မြို့နှင့်အနီးဝန်းကျင်မှ ထန်းတောညိုညို၊ ထနောင်းပင် စိုစိုတို့ကလည်း မြို့၏အလှ၊ မြို့၏ကျက်သရေကို အားဖြည့်ပေးထားသည်။ ထိုနေ့သည်ကား ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆု ဆုနှင်းသဘင်ကျင်းပသည့်နေ့ပင် ဖြစ်သည်။ (၁၈)ကြိမ်မြောက်ကျင်းပသည့် ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆုနှင်းသဘင်ဖြစ်သကဲ့သို့ ပခုက္ကူမြို့တွင် (၉)ကြိမ်မြောက် သွားရောက်ကျင်းပခြင်းလည်း ဖြစ်သည်။

စာပေဆုနှင်းသဘင် အခမ်းအနားကို နံနက် ၉ နာရီတွင် မြို့ကျက်သရေဆောင် ပြည်သာယာခန်းမ၌ စတင်ကျင်းပသည်။ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း တက်ရောက်ချီးမြှင့်ပြီး သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်နှင့် မကွေးတိုင်းဒေသကြီး ပညာရေးနှင့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကျော်မင်းတို့လည်း တက်ရောက်ကြသည်။ ပခုက္ကူမြို့ခံများ အနေဖြင့်ကား ခရိုင်နှင့်မြို့နယ်မှ အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ စာပေဝါသနာရှင်များ စသည်ဖြင့် အတော်ပင် စုံစုံလင်လင် တက်တက်ကြွကြွတက်ရောက်ကြသည်။

ပညာရေးဆိုင်ရာ ထူးချွန်ဆုများလည်း ပါဝင်ချီးမြှင့်သည်ဖြစ်ရာ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများလည်း တက်ရောက်ကြသည်။ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌနှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပခုက္ကူစာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်စာပေပညာရှင်ကြီးများလည်း တက်ရောက်ကြသည်။

ပခုက္ကူမြို့သူမြို့သားများ၏ စာပေဆုနှင်းသဘင်အပေါ် အလေးထားမှုကား ရင်သပ်အံ့ဩဖြစ်ရသည်။ နံနက် ၈ နာရီခန့်ကစ၍ မြို့ခံပရိသတ်များ လာရောက်ကြသည်မှာ ပရိသတ် ၅၀၀ ကျော်ဆံ့သည့် ပြည်သာယာခန်းမကြီး၌ နံနက် ၈ နာရီမခွဲမီကပင် ပြည့်နေပြီ ဖြစ်သည်။

ပခုက္ကူမြို့သူမြို့သားများ ဤမျှတက်ကြွပျော်ရွှင်နေသည်ကို စာရေးသူ စောကြောနေမိသည်။ ယခုလို ပခုက္ကူမြို့၌ စာပေဆုနှင်းသဘင် ကျင်းပနိုင်ခြင်းနှင့်အတူ ပခုက္ကူမြို့သူမြို့သားတို့၏ ဆန္ဒနှင့်အညီ ယခင် "ပခုက္ကူဦးအုံးဖေစာပေဆု" မှသည် "ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆု"ဟူ၍ ပြောင်းလဲခေါ်ဝေါ်သုံးစွဲနိုင်ခြင်းတို့ကြောင့်ပင် ဖြစ်မည်ဟု ထင်သည်။ ယင်းဆုနှင်းသဘင်အခမ်းအနားတွင် မြို့ခံစေတနာရှင်များနှင့် အခြားပုဂ္ဂိုလ်များကပါ ပခုက္ကူစာပေဆုရန်ပုံငွေအတွက် အားတက်သရော လှူဒါန်းကြသည်ကို တွေ့မြင်ရသည်။ ထိုနေ့က စေတနာရှင်များ၏ လှူဒါန်းငွေ စုစုပေါင်းမှာ ငွေကျပ် ခုနစ်ဆယ့်သုံးသိန်းငါးထောင်ဖြစ်ကြောင်း သိရသည်။

စာပေဆုနှင်းသဘင် အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက မိန့်ခွန်း မြွက်ကြားခဲ့သည်။ ပြည်ထောင်စုဝန်ကြီး၏ မိန့်ခွန်းတွင် ကျွန်တော်တို့ အမှတ်မှဲ့ထားခဲ့သော အကြောင်းအရာတစ်ခု ပါရှိလာသည်ကို တွေ့ရသည်။ ထိုအကြောင်းအရာသည်ကား ယခုကဲ့သို့ စာပေဆိုင်ရာဆုများ ချီးမြှင့်ခြင်းနှင့် ပညာထူးချွန်ဆုများ ချီးမြှင့်ခြင်းသည် **"အသိပညာမြင့်မားရေး ကွန်ရက်တည်ဆောက်ခြင်း"** ဖြစ်ကြောင်း ပြောကြားခဲ့ခြင်းပင် ဖြစ်သည်။ နိုင်ငံတစ်ခုတွင် ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရသကဲ့သို့ စိတ်ပိုင်းဆိုင်ရာ၊ အသိဗဟုသုတဆိုင်ရာတို့တွင် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံတစ်ခုတွင် ရုပ်ပိုင်းဆိုင်ရာ ရင်းမြစ်များ၊ အခြေခံများ မည်မျှပင်ကြွယ်ဝစေကာမူ စိတ်ပိုင်းဆိုင်ရာဖြစ်သော အသိဗဟုသုတများ တိုးတက်မြင့်မားအောင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိက အဆိုပါနိုင်ငံအနေဖြင့် တိုးတက်လာမည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။ ထို့ကြောင့် ယခုကဲ့သို့ စေတနာရှင် ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆု ချီးမြှင့်ခြင်း၊ ပညာထူးချွန်ဆုများ ချီးမြှင့်ခြင်းသည် ပြည်ထောင်စုဝန်ကြီး မိန့်ကြားသကဲ့သို့ပင် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် **"အသိပညာမြင့်မားရေး ကွန်ရက် တည်ဆောက်ခြင်း"** ပင်ဖြစ်ကြောင်း အလေးအနက် ခံယူမိခဲ့သည်။

ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်က စာပေဆုရန်ပုံငွေထူထောင်လျက် စာပေဆိုင်ရာဆုများ ချီးမြှင့်ခြင်းကို ပခုက္ကူဦးအုံးဖေက စတင်ခဲ့ခြင်းဖြစ်သည်။ စာပေလောကတွင် ပုဂ္ဂလိကစာပေဆုများ ပေါ်ပေါက်လာရေးအတွက် လမ်းပြရှေ့ဆောင်ဖြစ်ခဲ့သည်။ တစ်နည်းအားဖြင့် နိုင်ငံအတွက် အသိပညာ မြင့်မားရေးဆိုင်ရာ ကွန်ရက်တစ်ခုကို စတင်ဖြည့်စွက် တည်ဆောက်ခဲ့သူလည်းဖြစ်သည်။

မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ရည်သန်၍ ပခုက္ကူမြို့ သိန်းတစ်ရာဆေးပေါင်းရုံပိုင်ရှင် ဦးအုံးဖေက ၁၉၉၂ ခုနှစ် မေလ ၃၁ ရက်နေ့တွင် ငွေသား ၇၆ သိန်းနှင့် ၁၂၇၉ ကျပ်ကို နိုင်ငံတော်ကို လွှဲအပ်လျက် "ပခုက္ကူဦးအုံးဖေစာပေဆု"ဟု အမည်တွင်သော စာပေရန်ပုံငွေတစ်ရပ် ထူထောင်လျက် ၁၉၉၃ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေစာပေဆု ပြိုင်ပွဲမှစ၍ ဆုများပေးခဲ့သည်။ စာပေရန်ပုံငွေတစ်ရပ် ဖြစ်မြောက်အောင် ထူထောင်ရေးအတွက် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီက ဦးအုံးဖေ၏ ဆန္ဒအတိုင်း စာပေရန်ပုံငွေကြီးကြပ်ရေးကော်မတီ စည်းမျဉ်းကို ဥပဒေပညာရှင်များနှင့် ညှိနှိုင်းရေးဆွဲခဲ့စဉ်က အလှူရှင် ဦးအုံးဖေက စာပေဆု၏အမည်ကို **"ပခုက္ကူစာပေဆု"** ဟု သတ်မှတ်ရန် ဆန္ဒရှိခဲ့ကြောင်း ထိုစဉ်က ကိုယ်တိုင် ပါဝင်ခဲ့သူများနှင့် ကာယကံရှင် မိသားစုများထံမှ သိရှိခွင့်ရရှိခဲ့သည်။ သို့ရာတွင် ထိုစာပေဆု၏ ရန်ပုံငွေ စည်းမျဉ်းရေးဆွဲရေးအဖွဲ့ အဖွဲ့ဝင်အများစု၏ ဆန္ဒအရ "ပခုက္ကူဦးအုံးဖေစာပေဆု" ဟူ၍ ပေါ်ပေါက်လာခဲ့ရကြောင်းလည်း တစ်ဆက်တည်းသိရှိရသည်။

ပခုက္ကူဦးအုံးဖေစာပေဆုဟူ၍ ဖြစ်ပေါ်လာပြီးနောက် ၁၉၉၃ ခုနှစ်အတွက် ၁၉၉၄ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ပထမဆုံး ဆုချီးမြှင့်ရာတွင် ပထမဆုများသာ ချီးမြှင့်ခဲ့ပြီး ဒုတိယအကြိမ်၊ တတိယအကြိမ် အထိကိုမူ ပထမဆုနှင့် ဒုတိယဆုများ ချီးမြှင့်ခဲ့သည်။ ၁၉၉၆ ခုနှစ်အတွက် ချီးမြှင့်သောဆုများမှစ၍ ပထမ၊ ဒုတိယနှင့် တတိယဆုအထိ တိုးချဲ့ချီးမြှင့်ခဲ့သည်။ ပခုက္ကူဦးအုံးဖေ စာပေဆု စတင်ချိန်မှ ယနေ့အထိ ကဗျာပေါင်းချုပ်ဆု၊ ဝတ္ထုရှည်ဆု၊ ဝတ္ထုတိုပေါင်းချုပ်ဆု၊ ကျမ်းစာပေဆုနှင့် သုတေသနစာပေဆုဟူ၍ ဘာသာရပ်ငါးမျိုး သတ်မှတ်၍ ဆုချီးမြှင့်ခဲ့သည်။ ထို့အပြင် ပခုက္ကူဦးအုံးဖေ တစ်သက်တာ စာပေဆုများကိုလည်း ချီးမြှင့်ခဲ့ရာ ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် (၁၂)ကြိမ်မြောက် ဆုနှင်းသဘင်တို့တွင် နှစ်ဦးစီနှင့် ကျန်အကြိမ်များတွင် ယခုကျင်းပသော (၁၈)ကြိမ်မြောက်အထိ တစ်ဦးစီချီးမြှင့်ခဲ့ရာ စုစုပေါင်း ၂၁ ဦးကို ချီးမြှင့်ခဲ့ပြီးဖြစ်သည်။

မူလအလှူငွေဖြစ်သော ၇၆၀၁၂၇၉ ကျပ်ကို ၁၉၉၂ ခုနှစ် ဧပြီလ ၂ ရက်နေ့တွင် ပခုက္ကူမြို့ မြန်မာ့စီးပွားရေးဘဏ်တွင် စတင်အပ်နှံခဲ့ပြီး ၂၂-၂-၂၀၀၃ ရက်နေ့တွင် ကျပ်သိန်း ၅၀ ထပ်မံလှူဒါန်းခဲ့သည်။ အလှူရှင် စတင်လှူဒါန်းခဲ့သော ငွေကျပ် ၇၆ သိန်းကျော်သည် ထိုခေတ်ကာလ၏ အခြေအနေအရ ကြည့်ပါက အလွန်များပြားသော ပမာဏဖြစ်သည်။ သို့ရာတွင် ခေတ်ကာလ အခြေအနေ ပြောင်းလဲလာမှုများအရ မူလငွေနှင့် ဖြည့်စွက်လှူဒါန်းငွေတို့ အပေါ်မှရရှိသော အတိုးငွေကို သတ်မှတ်စည်းမျဉ်းများအရ စာပေဆုရှင်များသို့ ချီးမြှင့်ရာတွင် ခေတ်ကာလအခြေအနေအရ ပမာဏနည်းပါးသကဲ့သို့ ဖြစ်လာပြီး ဆုချီးမြှင့်ပွဲအတွက် အသုံးစရိတ်များအပါအဝင် ကုန်ကျမှုများ များပြားလာသဖြင့် ဘဏ္ဍာရေးစည်းမျဉ်း၏ သတ်မှတ်ချက်အရ တစ်နှစ်တာအတွင်း ဘဏ်တိုးငွေမှရရှိသည့် အချိုးကျရငွေမှာ မလုံမလောက်ဖြစ်လာသည်။

ပခုက္ကူဦးအုံးဖေ မကွယ်လွန်မီကာလကပင် ထိုမလုံလောက်မှုကို ဖြည့်စွက်သုံးစွဲနေရပြီဖြစ်ရာ ဤစာပေဆု ရေရှည်တည်တံ့ရေးအတွက် နည်းလမ်းတစ်ခု ရှာရန် လိုအပ်လာသည်။ ဤတွင် ပခုက္ကူ ဦးအုံးဖေ စာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီနှင့် ပခုက္ကူဦးအုံးဖေ၏ အမွေခံမိသားစုများ၊ ပခုက္ကူမြို့မှ မြို့မိမြို့ဖများ ဆွေးနွေးတိုင်ပင်ကာ မူလက ပခုက္ကူဦးအုံးဖေကိုယ်တိုင်၏ ဆန္ဒနှင့်လည်းညီ၊ ပခုက္ကူမြို့သူ၊ မြို့သားများ၏ ဆန္ဒနှင့်လည်းညီသည့် "ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆု"ဟု အမည်ပြောင်းလဲရန် တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ကြလေသည်။ ဤတွင်စာပေဆု၏ အနေအထားမှာလည်း ပို၍ ဘောင်ကျယ်လာကာ မည်သူမဆို စာပေဆုရန်ပုံငွေတွင် လှူဒါန်းလာနိုင်သည့် အခြေအနေသို့ ရောက်ရှိလာသည်။ နောက်တစ်ဆင့်သို့ မြင့်တက်လာခဲ့ခြင်းလည်း ဖြစ်သည်။ ထို့ကြောင့်လည်း ယခုစာပေဆု ချီးမြှင့်ပွဲတွင် ပခုက္ကူမြို့ခံများနှင့် အခြားသော စေတနာရှင်များက အလှူငွေ ၇၃ သိန်းကျော် လှူဒါန်းလာကြခြင်းလည်း ဖြစ်သည်။ ဤသို့ မြင့်တက်လာခဲ့ခြင်းအတွက် ကမကထပြု ဆောင်ရွက်ခဲ့ကြသည့် ပခုက္ကူမြို့မှ မြို့မိမြို့ဖများကို အထူးကျေးဇူးတင်ရမည် ဖြစ်သည်။

ပခုက္ကူဦးအုံးဖေ ပညာရည်ချွန်ဆုနှင့် ပတ်သက်၍လည်း အနည်းငယ် တင်ပြလိုပေသည်။ ပညာရည်ချွန်ဆုများတွင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)တို့မှ နှစ်စဉ်ထူးချွန်ကျောင်းသားတစ်ဦးစီ စုစုပေါင်းနှစ်ဦး ချီးမြှင့်သည်။ မည်သည့်နှစ်၊ မည်သည့်ဘာသာရပ်ဟူ၍ သတ်မှတ်မထားဘဲ ထိုတက္ကသိုလ်နှစ်ခုမှ ရွေးချယ်သော တစ်ဦးစီကို နှစ်စဉ်ချီးမြှင့်ခြင်းဖြစ်သည်။

နောက်ထပ် ပညာရည်ချွန်ဆုမှာ မြန်မာစာတစ်ခုတည်းနှင့်သာ သက်ဆိုင်သော ဆုဖြစ်သည်။ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးနောက် တက္ကသိုလ်တစ်ခုခုတွင် မြန်မာစာအဓိကဖြင့် ပညာဆက်လက်ဆည်းပူးနေသူ တစ်နိုင်ငံလုံးရှိ ကျောင်းသူ၊ ကျောင်းသားများမှ မြန်မာစာအမှတ်အများဆုံး လေးဦးကို ချီးမြှင့်ခြင်းဖြစ်သည်။ကျန်ရှိသော ပညာရည်ချွန်ဆု အမျိုးအစားကား တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဘာသာရပ်အလိုက် တစ်နိုင်ငံလုံးတွင် အမှတ်အများဆုံးရရှိသူများကို ချီးမြှင့်သည့်ဆုဖြစ်သည်။ ဤဆုများကို ၁၉၉၉ ခုနှစ်တွင် စတင်ချီးမြှင့်ခဲ့ခြင်းဖြစ်ပြီး စတင်ချီးမြှင့်စဉ်က မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ သိပ္ပံနှင့် လူမှုရေးဘာသာရပ်ငါးမျိုးတွင် ပထမ၊ ဒုတိယနှင့် တတိယ အမှတ်အများဆုံး ရရှိသူများကို ဆုချီးမြှင့်ခဲ့သည်။ ၂၀၀၃ ခုနှစ်မှစတင်၍ မြန်မာစာ၊ အင်္ဂလိပ်စာနှင့် သင်္ချာဘာသာရပ်သုံးခုတွင် အမှတ်အများဆုံး သုံးဦးစီကို ပထမ၊ ဒုတိယနှင့် တတိယဟူ၍ ချီးမြှင့်ပေးပြီး ကျန်ရှိသော ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊ ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒနှင့် စိတ်ကြိုက်မြန်မာစာ ဘာသာရပ်များတွင် အမှတ်အများဆုံးရရှိသူများကို ရွေးချယ်ချီးမြှင့်ခဲ့သည်။

ပခုက္ကူဦးအုံးဖေအနေဖြင့် ဤကဲ့သို့ အသိပညာမြင့်မားရေးကွန်ရက် တည်ဆောက်ခဲ့ခြင်းသည် ကာယကံရှင်၏ သားသမီးများ၊ တူသားများ၊ ဆွေမျိုးရင်းချာများအတွက် သက်သက် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်း မဟုတ်ပေ။ အများအတွက်၊ တိုင်းပြည်ဖွံ့ဖြိုးဖို့အတွက် စိတ်ကောင်းစေတနာကောင်းကို အခြေခံ၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ပခုက္ကူဦးအုံးဖေ၏ ဆောင်ရွက်ချက်များကို ဆက်လက်ဆောင်ရွက်နေကြသူများမှလည်း အများအတွက်၊ တိုင်းပြည်အတွက် ဆောင်ရွက်နေကြခြင်းပင်ဖြစ်ရာ ကျယ်ပြန့်သည်ထက် ကျယ်ပြန့်အောင် ဆောင်ရွက်ကြရမည်သာဖြစ်သည်။ ကျွန်တော်တို့မျိုးဆက်များသည် တာဝန်သိစိတ်၊ တာဝန်ယူစိတ်များဖြင့် အမျိုးသားအကျိုးစီးပွားကို ရှေးရှုလျက် ဆောင်ရွက်ကြရပါမည်။

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ကြီးသည် အသိပညာမြင့်မားရေး ဆောင်ရွက်နေသည့် ကွန်ရက်ကြီးဖြစ်ပြီး အဓိကမဏ္ဍိုင်အဖြစ် ဆောင်ရွက်ကြမည့် အဖွဲ့အစည်းကြီးလည်း ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး၏ မိန့်ကြားချက်တွင်ပါရှိသည်။ အမှန်တကယ်တွင်လည်း အသိပညာမြင့်မားရေး လုပ်ငန်းများကို အဓိကထားဆောင်ရွက်နေသော အဖွဲ့အစည်းကြီးဖြစ်ပေသည်။ မကြာမီကပင် စာအုပ်စာစောင်များ ရောင်းချသည့်ဆိုင်များ၊ တစ်နည်းအားဖြင့် Media Corner များကို ရန်ကုန်မြို့တွင် ဖွင့်လှစ်ခဲ့သည်။ စာအုပ်စာစောင်များကို အများပြည်သူသွားရင်းလာရင်း လွယ်ကူစွာ ဝယ်ယူဖတ်ရှုနိုင်ရေး၊ စာအုပ်စာစောင်ဝယ်ယူရန် သီးခြားအချိန်မပေးရဘဲ ဝယ်ယူဖတ်ရှုနိုင်ရေး ရည်ရွယ်ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်သည်။ မန္တလေးမြို့အပါအဝင် အခြားသောမြို့များတွင်လည်း တိုးချဲ့ဖွင့်လှစ်သွားရန် ရည်ရွယ်ထားကြောင်း သိရသည်။ ပြည်သူများ စာဖတ်လာပြီး စာကောင်းပေမွန်များကို ရွေးချယ်ဖတ်ရှုကာ စာပေဆုရ စာအုပ်စာစောင်များကဲ့သို့သော တန်ဖိုးရှိသည့်စာပေများ ပြည်သူတို့၏ အသိဉာဏ်ထဲ ရောက်လာအောင် ဆောင်ရွက်ခြင်းပင်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် ကျေးရွာစာကြည့်တိုက်များနှင့် မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်းကြီးတို့ကလည်း တစ်ဖက်တစ်လမ်းက အားဖြည့်ဆောင်ရွက်မည်ဖြစ်သည်။

၂၀၁၀ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆု၌ ဆုပေါင်း ၁၄ ဆု ချီးမြှင့်နိုင်ခဲ့သည်။ တစ်သက်တာစာပေဆုကိုကား ဘာသာပြန်၊ ပင်ကိုရေး စွယ်စုံရေးသားခဲ့သော စာရေးဆရာကြီး ဦးမြင့်ကြွယ်(မောင်မြင့်ကြွယ်)ကို ချီးမြှင့်ခဲ့သည်။ ချီးမြှင့်ထိုက်သူများကို ချီးမြှင့်ခြင်းဖြင့် မင်္ဂလာရှိသောအမှုကို ပြုခဲ့ပြီ ဖြစ်လေသည်။ ထို့ကြောင့်ပင် နွေနှောင်းကာလ၏ အပူဆုံးဖြစ်ရမည့်အချိန်တွင် ယနေ့ သင့်တင့်ရုံသာပူသော ပခုက္ကူမြို့သည် ကျက်သရေရှိလှပနေလေသည်။

အခမ်းအနားအပြီးတွင် ပခုက္ကူမြို့ ငွေလမင်းစားသောက်ဆိုင်၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။ ဆုရစာရေးဆရာများလည်း ပြုံးပြုံးရွှင်ရွှင်၊ ဆုရကျောင်းသား၊ ကျောင်းသူများလည်း ပြုံးပြုံးရွှင်ရွှင်၊ ဖိတ်ကြားတက်ရောက်ကြသော မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့မှ ပုဂ္ဂိုလ်များနှင့် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆု ရန်ပုံငွေ ကြီးကြပ်ရေးကော်မတီ၊ စာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့တို့မှ ပုဂ္ဂိုလ်များလည်း ပြုံးပြုံးရွှင်ရွှင်၊ မြို့ခံတာဝန်ရှိသူများ၊ မြို့မိမြို့ဖများလည်း ပြုံးပြုံးရွှင်ရွှင်ဖြင့် မြင်ကြရသည်။

ကျွန်တော်တို့သည် အခြားသော တိုင်းပြည်နိုင်ငံများကဲ့သို့ ဖွံ့ဖြိုးတိုးတက်သောမြန်မာနိုင်ငံကို တည်ထောင်ကြမည့်သူများ၊ မျိုးဆက်များ ဖြစ်ကြသည်။ စာပေဆုပေးပွဲကြီးသည် အသိပညာမြင့်မားရေးကွန်ရက် တည်ဆောက်မှု၏ အစိတ်အပိုင်းတစ်ခုပင် ဖြစ်သော်ငြား အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ခဲ့ကြပြီဖြစ်သည်။ ဆက်လက်၍လည်း အသိပညာမြင့်မားရေးကွန်ရက် တည်ဆောက်မှုလုပ်ငန်းများ ဆောင်ရွက်နေကြရပါဦးမည်။ တိုးမြှင့်၍လည်း ဆောင်ရွက်ကြရပါဦးမည်။ ကိုယ်စီကိုယ်စီ တာဝန်ယူဆောင်ရွက်ကြရပါဦးမည်။

ယနေ့ ပခုက္ကူမြို့သည်ကား နွေနှောင်းကာလ၏ ခပ်ပျော့ပျော့နေပူရှိန်က လွှမ်းခြုံထားငြား လေပြည်လေညင်းလေးများ တိုက်ခတ်မှုကြောင့် အေးမြသစ်လွင်နေပါတော့သည်။ ။

မြန်မာ့သတင်းအချက်အလက်နှင့် နည်းပညာပြပွဲ ၂၀၁၁ ကျင်းပမည်

ရန်ကုန် မေ ၁၈

Mobileနှင့် Computer ပစ္စည်းများ ဈေးကွက်အတွင်းရှိ ရောင်းချသူများနှင့် သုံးစွဲသူများအကြား တိုက်ရိုက်ထိတွေ့ရောင်းချနိုင်ရန် လုပ်ငန်းရှင်များမှ ယှဉ်ပြိုင်ရောင်းချခြင်းဖြင့် မိမိတို့ ကုန်ပစ္စည်းများ၏ အားနည်းချက်၊ အားသာချက်ကို သိရှိ၍ ပစ္စည်းအရည်အသွေးကို ပိုမိုမြှင့်တင်နိုင်စေရန်နှင့် ဈေးနှုန်းများလျှော့ချလာနိုင်စေရန် ဈေးကွက်စီးပွားရေးစနစ်ကို တစ်စိတ်တစ်ပိုင်း အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် 7th Myanmar ICT Exhibition (2011, May) ပြပွဲကို မေ ၂၀ ရက်မှ ၂၂ ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ သုံးရက်တိုင်တိုင်ကျင်းပမည်ဖြစ်သည်။

ယင်းပြပွဲတွင် Mobile ကုမ္ပဏီများ၊ Scanner, Printer, Projector ကုမ္ပဏီများ၊ Camera ကုမ္ပဏီများ၊ Electric Pen & Dictionary ကုမ္ပဏီများ၊ Wimax ကုမ္ပဏီများ၊ IT Software & Solution Provider များ၊ သင်တန်းကျောင်းများ၊ IT ကုမ္ပဏီများအစရှိသည့် ကုမ္ပဏီ ၅၄ ခု ပါဝင်ပြသကြမည်ဖြစ်ပြီး ပြခန်းပေါင်း ၁၃၅ခန်း ဝင်ရောက်ပြသကြမည်ဖြစ်သည်။

ယခုကျင်းပမည့် ပြပွဲသည် ကွန်ပျူတာအသင်းများမှ ကြီးမှူးကျင်းပသော သတ္တမအကြိမ်မြောက် ပြပွဲဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

ဗိသုကာပညာရပ်ဆိုင်ရာ ဆွေးနွေးဟောပြောမည်

ရန်ကုန် မေ ၁၈

မြန်မာနိုင်ငံ ဗိသုကာအသင်းက စီစဉ်ကျင်းပသော ပညာရပ်ဆိုင်ရာဆွေးနွေးပွဲကို မေ ၂၀ ရက် (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောက်အအုံ (လှိုင်တက္ကသိုလ်နယ်မြေဝင်း) တတိယထပ် Functional Hall ၌ ကျင်းပမည်ဖြစ်ရာ ယင်းဆွေးနွေးပွဲတွင် ဗိသုကာ ဦးသန်းထွန်းဦးက ဟောပြောမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၇၃၁၅၃၀၈၄၊ ၀၉-၇၃၁ ၅၄၄၆၀၊ ၀၁-၅၁၉၆၇၃ (လိုင်းခွဲ-၁၁၉) တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

နိုင်ငံတော်သြဝါဒါစရိယ ရခိုင်ပြည်နယ် မင်းပြားမြို့နယ် ဇေယျသုခကျောင်းတိုက်၏ ဦးစီးပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဉာဏ (မဟာဒွါရ)၏ ထေရုပ္ပတ္တိအကျဉ်း

ဖွားမြင်တော်မူခြင်း

ဆရာတော် လောင်းလျာသည် ရခိုင်ပြည်နယ် မောင်တောမြို့နယ် မြို့သစ်ကျေးရွာ ခမည်းတော် ဦးမွေးလှအောင်၊ မယ်တော် ဒေါ်ဂေါက်ကေတို့မှ ၁၂၈၄ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၃ ရက် (အင်္ဂါနေ့)တွင် ဖွားမြင်တော်မူသော သားရတနာ ဖြစ်ပါသည်။

ရှင်ရဟန်းအဖြစ်သို့ရောက်ရှိတော်မူခြင်း

ဆရာတော် လောင်းလျာသည် (၁၇)နှစ်သားအရွယ်တွင် နခေါင်းချောင်းကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြုလျက် ရှင်သာမဏေပြုခဲ့ပြီး ၁၃၀၄ ခုနှစ် သက်တော်(၂၀)တွင် ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် အရိမဒ္ဒနာရာမကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြုလျက် ယင်းကျောင်းခဏ္ဍသိမ်၌ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်သည် ရန်ကုန်မြို့၊ ကော့မှူးမြို့၊ ဒေးဒရဲမြို့၊ ညောင်တုန်းမြို့၊ မန္တလေးမြို့တို့တွင် ပိဋကတ်အကျော် ဆရာတော်များထံ စာပေများကို သင်ကြားဆည်းပူးတော်မူ၍ အစိုးရဓမ္မာစရိယစာမေးပွဲကို ဖြေဆိုအောင်မြင်တော်မူခဲ့ပါသည်။

စာပေပို့ချခြင်းနှင့်သာသနာရေးအားပေး ဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် မင်းပြားမြို့ ပဥ္စရက္ခိဘုရား၊ ကျိန်းတောင်ဘုရားနှင့် စစ်တွေမြို့ လောကမာရဇိန်ဘုရားဂေါပကအဖွဲ့ သြဝါဒါစရိယ၊ ပြည်နယ်သံဃနာယကအဖွဲ့ (မဟာဒွါရ)အဖွဲ့ဝင်နှင့် ပြည်နယ်ဝိနည်းဓိုရ်အဖြစ်လည်းကောင်း၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖြစ်လည်းကောင်း၊ ရန်ကုန်မြို့ မင်္ဂလာသုခပါဠိတက္ကသိုလ်၊ မြောက်ဦးမြို့ ဘုရားပေါ်ကျောင်းတိုက်နှင့် မင်းပြားမြို့ ဇေယျသုခကျောင်းတိုက်တို့၌ စာပေပို့ချ၍လည်းကောင်း ဆောင်ရွက်တော်မူပြီး ၂၀၀၈ ခုနှစ်မှစ၍ နိုင်ငံတော်သြဝါဒါစရိယဆရာတော်အဖြစ် သာသနာ့တာဝန်ကို ထမ်းဆောင်ခဲ့ပါသည်။

ဘွဲ့တံဆိပ်အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူသော လဇ္ဇီပေသလ သိက္ခာကာမ ပရိယတ္တိဆေက၊ ပဋိပတ္တိမာမကစသော ဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ဆရာတော်အား နိုင်ငံတော်အစိုးရက ၁၃၆၀ (၁၉၉၉)ခုနှစ်တွင် **အဂ္ဂမဟာပဏ္ဍိတ** ဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ်လှူဒါန်းပူဇော်ခဲ့ပါသည်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော်(၈၉)နှစ် သိက္ခာတော် (၆၉) ဝါအရ (၁၃၇၃ ခုနှစ်၊ ကဆုန်လပြည့်) ၁၇-၅-၂၀၁၁ (အင်္ဂါနေ့) နံနက် ၁၀ နာရီ ၃၀ မိနစ်အချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

ကျောင်းများ ဥပဓိရုပ်ကောင်းမွန်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက် တစ်မျိုးသားလုံးပညာရည်မြင့်မားရေး အားသွန်ခွန်စိုက်ကြိုးပမ်း

နေပြည်တော် မေ ၁၈

၂၀၁၁ ခုနှစ် ကျောင်းဖွင့်ချိန်တွင် အခြေခံပညာမူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းသုံးစာအုပ်များ အခမဲ့ဖြန့်ဝေပေးရန် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက မေ ၁၇ ရက် နံနက် ၉ နာရီတွင် ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးများနှင့်တွေ့ဆုံစဉ် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့တို့၏ ပူးပေါင်းကူညီဆောင်ရွက်ပေးမှုဖြင့် ကျောင်း၏ ပညာရည်မြင့်မားရေး လုပ်ငန်းများကို ဆောင်ရွက်ရန်၊ ကျောင်းသား၊ ကျောင်းသူများအား တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့် ကျန်းမာရေး အသိပညာများ လေ့ကျင့်သင်ကြားပေးရန်၊ ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်း ဆောင်ရွက်ရန်၊ အခြေခံပညာအဆင့်မှစပြီး အင်္ဂလိပ်စာနှင့် သင်္ချာထူးချွန်သူများ ပေါ်ထွန်းလာအောင် လေ့ကျင့်သင်ကြားပေးရန်၊ ဆက်စပ်တွေးခေါ်နိုင်သည့် ဉာဏ်ရည်မြင့်မားလာအောင် လေ့ကျင့်သင်ကြားပေးရန်၊ အားကစားနည်းများကို လေ့ကျင့်သင်ကြားပေးရန်၊ ကျောင်းတိုင်းတွင် ယင်လုံအိမ်သာများ တည်ဆောက်သုံးစွဲရန်၊ ကျောင်းများ ဥပဓိရုပ်ကောင်းမွန်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန်နှင့် တစ်မျိုးသားလုံးပညာရည်မြင့်မားရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြရန်တို့ကိုပါ တစ်ဆက်တည်း ဆွေးနွေးမှာကြားသည်။

ထို့အပြင် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် စတုတ္ထတန်း၊ အဋ္ဌမတန်း ပညာသင်ဆု (စကောလားရှစ်) နှင့် တက္ကသိုလ်ပညာသင်ဆု (စကောလားရှစ်)များ ပေးသွားရန် စီစဉ်နေကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆွေးနွေးမှာကြား

ပညာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးများအား ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

ကျောင်းလျှောက်ထားသူများ အခမဲ့ဝန်ဆောင်မှုပေးမည်

ရန်ကုန် မေ ၁၈

ဥပဒေဘာသာရပ်၊ ဆေးပညာ၊ ဆေးဝါးဗေဒ အစရှိသည့် အကြောင်းကို ဘာသာရပ်ပိုင်းဆိုင်ရာ တာဝန်ခံ အသီးသီးက စိတ်ဝင်စားရာဘာသာရပ်များ မှန်ကန်စွာရွေးချယ်နိုင်ရန် ရှင်းပြပေးမည့် Taylor's University Open Day ကျင်းပမည်ဖြစ်သည်။ စိတ်ပါဝင်စားသော ကျောင်းသား၊ ကျောင်းသူများ အနေဖြင့် မိမိတို့၏ကျောင်းဝင်ခွင့် စာရွက်စာတမ်းများကို တစ်ပါတည်း ယူဆောင်လာရန်နှင့် IELTS or TOEFL မရှိသေးသောသူများအတွက် Taylor's University မှ စီစဉ်ပေးသော အင်္ဂလိပ်စာ အရည်အချင်းစစ်စာမေးပွဲ (EPT)ကို ကြိုတင်စာရင်းသွင်းခြင်းဖြင့် အခမဲ့ဖြေဆိုနိုင်မည်ဖြစ်ကြောင်း၊ ဖြေဆိုမည့်ရက်မှာ မေ ၂၃ ရက် မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီခွဲအထိဖြစ်ပြီး ပြုလုပ်မည့်ရက်မှာ မေ ၂၁ ရက် နံနက် ၁၁ နာရီမှ ညနေ ၄ နာရီအထိ Park Royal Hotel(Ball Room-3)၌ ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ လူဦးရေကန့်သတ်မှုရှိသဖြင့် အဆိုပါပွဲသို့ တက်ရောက်လိုသူများသည် မေ ၂၀ ရက် ညနေ ၅ နာရီ နောက်ဆုံးထားပြီး MSI ရုံးခန်း အမှတ်(၂၃၄) ရွှေဘုံသာအလယ်လမ်း ဒုတိယထပ်(ယာ) ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၅၀၉၂၉၊ ၀၁-၃၈၉၉၁၅၊ ၀၉-၅၁၀၃၉၁၅ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းနှင့် ကျောင်းအပ်မည့်သူများကို MSI မှ အခမဲ့ဝန်ဆောင်မှုပေးမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

အပြည်ပြည်ဆိုင်ရာသူနာပြုနေ့နှင့် အလှူငွေပေးအပ်ပွဲ ကျင်းပ

ကျောင်းကုန်း မေ ၁၈

၂၀၁၁ ခုနှစ် အပြည်ပြည်ဆိုင်ရာသူနာပြုနေ့နှင့် အလှူငွေပေးအပ်လှူဒါန်းပွဲကို မေ ၁၂ ရက် မွန်းလွဲ ၁ နာရီက ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ်ပြည်သူ့ဆေးရုံ ဒေါ်သန်းတင်ဆောင်၌ကျင်းပရာ မြို့နယ်သူနာပြုဆရာမကြီး ဒေါ်တိုးတိုးအောင် ဟောပြောသည်။

ထို့နောက် အလှူငွေများ လှူဒါန်းကြရာ ဆေးပဒေသာပင် ငွေကျပ် ငါးသိန်းကို မကျီးပင်ကွင်းအုပ်စု အစုကြီးကျေးရွာမှ ဦးသန်း-ဒေါ်သန်းဌေး၊ သား မောင်ဝင်းဗိုလ်တို့က လှူဒါန်းရာ ဂုဏ်ပြုမှတ်တမ်းလွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးကျော်ကျော်ကလည်းကောင်း၊ နယ်လှည့်အခမဲ့ဆေးကုသခြင်းလုပ်ငန်းအတွက် ငွေကျပ် သုံးသိန်းကို ဦးခင်မောင်ဇော်နှင့် ဇနီး ဒေါ်လှလှမြင့်၊ သမီး မေမြတ်နိုးပွင့် (မြတ်နိုးပွင့်ဆေးဆိုင်)မှ လှူဒါန်းရာ ဂုဏ်ပြုမှတ်တမ်းလွှာကို မြို့နယ်ကျန်းမာရေးဌာန ဦးစီးမှူး ဒေါက်တာရဲဝင်းတို့က ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** (၃၆၅)

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ကာတွန်း၊ ပန်းချီ၊ ကွန်ပျူတာပန်းချီ၊ ပိုစတာပြိုင်ပွဲများ ကျင်းပမည်

ရန်ကုန် မေ ၁၈

၂၀၁၁ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ကာတွန်း၊ ပန်းချီ၊ ကွန်ပျူတာပန်းချီ၊ ပိုစတာပြိုင်ပွဲများကို ရန်ကုန်တိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့မှ ဦးစီး၍ ကျင်းပသွားမည်ဖြစ်သည်။

ကာတွန်း၊ ပန်းချီ၊ ပိုစတာပြိုင်ပွဲများတွင် မူလတန်းအဆင့်(၃/၄)တန်း၊ အလယ်တန်းအဆင့်(၅/၆/၇)တန်းနှင့် အထက်တန်းအဆင့်(၈/၉/၁၀)တန်း ကျောင်းသား၊ ကျောင်းသူများ ယှဉ်ပြိုင်ခွင့်ပြုသည်။

ကွန်ပျူတာပန်းချီပြိုင်ပွဲတွင် အလယ်တန်းအဆင့် (၅/၆/၇)တန်းနှင့် အထက်တန်းအဆင့် (၈/၉/၁၀)တန်း ကျောင်းသား၊ ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်နိုင်သည်။ ကွန်ပျူတာပိုစတာပြိုင်ပွဲတွင် အသက်(၁၅)နှစ်နှင့်အထက် မည်သူမဆိုဝင်ရောက် ယှဉ်ပြိုင်နိုင်သည်။

ကာတွန်းပြိုင်ပွဲကို ဇွန် ၄ ရက် နံနက် ၉ နာရီမှ ၁၁ နာရီအထိ လည်းကောင်း၊ ပန်းချီပြိုင်ပွဲကို ယင်းနေ့ မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ လည်းကောင်း၊ ပိုစတာပြိုင်ပွဲကို ဇွန် ၅ ရက် မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ လည်းကောင်း လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း မြည်လာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အလားတူ ကွန်ပျူတာပန်းချီပြိုင်ပွဲကို ဇွန် ၅ ရက် နံနက် ၉ နာရီမှ ၁၁ နာရီအထိ ရွှေပြည်သာမြို့နယ်ရှိ ကွန်ပျူတာတက္ကသိုလ်၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ပုံစံများကို ကျောက်တံတားမြို့နယ် ဘဏ်လမ်း အမှတ်(၅၀) ယခင်ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး မြေညီထပ် တကယ့်ဖြစ်ရပ်မှုခင်းမဂ္ဂဇင်း ဂျာနယ်ရုံးခန်း၌ မေ ၉ ရက်မှစတင်၍ အခမဲ့ထုတ်ပေးလျက်ရှိပြီး ပြိုင်ပွဲဝင်မည့်သူများသည် ပြိုင်ပွဲဝင်ပုံစံများကို ဖြည့်စွက်၍ ဇွန် ၂ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ ပြန်လည်အပ်နှံရမည်ဖြစ်သည်။ (ကြေးမုံ)

နိုင်ငံတကာရပ်ရှင် အနုပညာရပ်ဝန်း

နိုင်ငံတကာရပ်ရှင် အနုပညာရပ်ဝန်း

ဂျပန်နာမည်ကြီးအဆိုတော် ယူရီ ယိုရှီအိုကာ နိုင်ငံခြားပရိသတ်ရရှိရန် ကြိုးပမ်းနေ

အောင်မ်းစိုး

ဂျပန်နိုင်ငံ၏ ထင်ပေါ်ကျော်ကြားဆုံး ပေါ့ဂီတအဆိုတော် ယူရီယိုရှီအိုကာသည် ပြည်ပပရိသတ် ပိုမိုရရှိစေရန် ပထမဆုံးအကြိမ် ပြည်ပခရီးစဉ်အဖြစ် ဟောင်ကောင်သို့ သွားရောက်ဖျော်ဖြေမည် ဖြစ်သည်။ **(ဝဲပုံ)**

အသက်(၂၄)နှစ်အရွယ်ရှိ ယူရီသည် သူမ၏ ပေါ့တေးသီချင်းများကို ကိုယ်တိုင်ရေး ကိုယ်တိုင်သီဆိုသူ တစ်ဦးဖြစ်သည်။ ဇွန် ၂၆ ရက်တွင် ဟောင်ကောင်သို့ သွားရောက်ဖျော်ဖြေမည့် ဂီတဖျော်ဖြေပွဲသည် သူမ၏ ပထမဆုံး ပြည်ပဖျော်ဖြေပွဲဖြစ်သည်။

မိမိတွင် ဟောင်ကောင်ပရိသတ် အမြောက်အမြားရှိကြောင်း၊ ဟောင်ကောင်ပရိသတ်များထံမှ သတင်းစကားများလည်း အမြဲရရှိကြောင်း၊ ဟောင်ကောင်တွင် ဂီတဖျော်ဖြေပွဲလာရောက်သီဆိုရန် ဖိတ်ကြားခံရသည့်အတွက် ဝမ်းမြောက်ဝမ်းသာ လက်ခံခဲ့ကြောင်း ယူရီက သတင်းထောက်များအား ပြောကြားသည်။

ဟောင်ကောင်တွင် ဖျော်ဖြေမည့် ဂီတဖျော်ဖြေပွဲအတွက် အကောင်းဆုံးပြင်ဆင်ထားသကဲ့သို့ ယင်းဂီတဖျော်ဖြေပွဲမှရရှိသော အကျိုးအမြတ်များကို မကြာသေးမီက ဂျပန်နိုင်ငံတွင် လှုပ်ခတ်သွားသော ငလျင်နှင့် ဆူနာမိဒဏ်သင့် ဒုက္ခသည်များကို ထောက်ပံ့ကူညီသွားမည်ဖြစ်ကြောင်း ယူရီက ဆက်လက်ပြောကြားသည်။

ယူရီ၏ အနုပညာဘဝခရီးအစမှာ အလွန်ကြမ်းတမ်းခဲ့သည်။ သူမသည် နာမည်ကြီးအဆိုတော်တစ်ဦးမဖြစ်မီက မွေးဖွားရာ ဖုကူအိုကာမြို့တွင် အပျော်တမ်းတေးသံရှင်တစ်ဦးသာ ဖြစ်ခဲ့သည်။ ယူရီသည် သရုပ်ဆောင်ဘက်တွင်လည်း ၂၀၀၆ ခုနှစ်က ဂျပန်အမည် Taiyo no Uta (နေမင်း၏သီချင်းသံ)ကိုလည်း ရိုက်ကူးခဲ့သည်။

သူမ၏နာမည်ကျော် လူကြိုက်များခဲ့သော တေးအယ်လ်ဘမ်များမှာ ၂၀၀၆ ခုနှစ်က From Me to You၊ ၂၀၀၇ ခုနှစ်က Can't Buy My Love၊ ၂၀၀၈ ခုနှစ်က I Loved Yesterday နှင့် ၂၀၁၀ ခုနှစ်က Holidays in the Sunတို့ ဖြစ်ကြသည်။ ***အင်တာနက်။***

ဒီရေတောများ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အလွန်အရေးကြီး ပင်လယ်ပြင်နှင့် ကုန်းတွင်းဂေဟာစနစ်များ တည်ငြိမ်မှုကို ချိန်ညှိပေးသည့် အရေးပါသောအနေအထားရှိ

နေပြည်တော် မေ ၁၈

သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းသည် မေ ၁၅ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် သစ်တောဦးစီးဌာန မြို့မပျိုးဥယျာဉ်နှင့် မြေယာအလှပြုပြင်ထားမှု၊ ပျိုးပင်များ ပြုစုပျိုးထောင်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဘိုကလေးမြစ်ကြောင်းတစ်လျှောက် ဒီရေတောများ ရှင်သန်အောင်မြင်မှု၊ တိုးချဲ့စိုက်ပျိုးထားမှုနှင့် မိန်းမလှကျွန်းဘေးမဲ့တောတို့ကို ကြည့်ရှုစစ်ဆေးပြီး အာဆီယံအမွေအနှစ်ဥယျာဉ်ပြခန်းအတွင်းရှိ မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာသည်။

ဆက်လက်၍ ပြုန်းမွေးကျွန်းပျိုးဥယျာဉ်၌ ဒီရေတော သစ်ပင်မျိုးစိတ်များ ပျိုးထောင်ထားမှု၊ ကဒုံကနိ စံပြသစ်တောကြိုးဝိုင်းအတွင်း ကွက်လပ်ဖြည့် ဒီရေတောစိုက်ခင်း ဧက ၅၀ တည်ထောင်ထားရှိမှုနှင့် ဓမ္မတာပျိုးပင်ဧရိယာ ဧက ၁၅၀ တို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီးအုပ်စု မကျင့်မြိုင်ကျေးရွာ၌ ကျင်းပသည့် ၂၀၁၁ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဒီရေတောများသည် လူမှုရေး၊ စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့အတွက် အလွန်အရေးကြီးကြောင်း၊ ပင်လယ်ပြင်နှင့်ကုန်းတွင်းဂေဟာစနစ်များ၏ တည်ငြိမ်မှုကို ချိန်ညှိပေးသည့် အရေးပါသောအနေအထားတွင် ရပ်တည်လျက်ရှိခြင်း၊ ကာဗွန်ဒိုင်အောက်ဆိုဒ်ကို ပိုမိုစုပ်ယူထိန်းသိမ်းထားနိုင်ခြင်း၊ သဘာဝခရီးသွားလုပ်ငန်းဖြင့် တိုင်းပြည်ဝင်ငွေတိုးတက်စေနိုင်ခြင်း၊ သဘာဝဘေးအန္တရာယ်များကို အထိုက်အလျောက်တားဆီးကာကွယ်ပေးနိုင်ခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိနိုင်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဘိုကလေးမြို့နယ် ကဒုံကနိကြိုးဝိုင်း အကွက်(၃၆)ရှိ ဌာနပိုင် ဒီရေတောစိုက်ခင်း (၁/၂၀၀၈) ဧက ၁၀၀၀ ရှင်သန်အောင်မြင်မှု၊ လပွတ္တာမြို့နယ် ပြင်အလန်းကြိုးဝိုင်း အကွက်(၇၅)ရှိ သာယာကုန်းပျိုးဥယျာဉ်၌ ပျိုးထောင်ထားမှုများ၊ မြစ်ကြောင်းတစ်လျှောက် သဘာဝဒီရေတောများ ပေါက်ရောက်ဖြစ်ထွန်းအောင်မြင်နေမှုနှင့် ဒီရေတောစိုက်ခင်းများ တည်ထောင်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း ဘိုကလေးမြို့နယ် သစ်တောဦးစီးဌာန မြို့မပျိုးဥယျာဉ်၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စားသောက်ဆိုင်လာရောက်သည့် ဧည့်သည်များ စိတ်ကျေနပ်စွာ စားသောက်နိုင်ရေး ဝန်ဆောင်မှုလုပ်ငန်းများ ကျွမ်းကျင်ကျေပွန်စွာ ဆောင်ရွက်နိုင်စေရေး သင်ကြားပေး

နေပြည်တော် မေ ၁၈

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် နေပြည်တော်ရှိ စားသောက်ဆိုင်များမှ ဝန်ထမ်း များ၏ ဝန်ဆောင်မှုအရည်အသွေး မြင့်မားလာစေရေးအတွက် ဧည့်ဝန်ဆောင်မှုသင်တန်း အမှတ်စဉ်(၁/၂၀၁၁) သင်တန်း ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။(အပေါ်ပုံ)

ဒုတိယဝန်ကြီးက ပြောကြားရာတွင် နေပြည်တော် ဟိုတယ်များမှ ဝန်ထမ်းများအား လုပ်ငန်းကျွမ်းကျင်စေရန်နှင့် ဝန်ဆောင်မှုအရည်အသွေး မြင့်မားတိုးတက်စေရန် သင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေသကဲ့သို့ နေပြည်တော်ရှိ စားသောက်ဆိုင်များမှ ဝန်ထမ်းများကိုလည်း ဧည့်သည်များအပေါ် ဝန်ဆောင်မှုပြုရာတွင် အရည်အသွေး စနစ်တကျနှင့် ကျွမ်းကျင်မှုရှိစေရန်တို့အတွက် ယခုကဲ့သို့ အခြေခံသင်တန်းများမှစ၍ ဖွင့်လှစ်သင်ကြားပေးရခြင်းဖြစ်ကြောင်း။

သင်တန်း တက်ရောက်လာသည့် သင်တန်းသားများအနေဖြင့် မိမိ၏ စားသောက်ဆိုင်သို့ လာရောက်သည့် ဧည့်သည်များ စိတ်ကျေနပ်စွာ စားသောက်နိုင်ရေးအတွက် ဝန်ဆောင်မှု လုပ်ငန်းများကို ကျွမ်းကျင်ကျေပွန်စွာ ဆောင်ရွက်နိုင်စေရေးအတွက် သင်ကြားပေးသည့် ဘာသာရပ်များကို ကြိုးစားသင်ယူကြရန်နှင့် စားသောက်ဆိုင်လုပ်ငန်းရှင်များအနေဖြင့်လည်း မိမိတို့ဝန်ကြီးဌာန၏ စေတနာနှင့် စီစဉ်ဆောင်ရွက်ပေးမှုများကို အလေးအနက်ထား၍ တစ်ဖက်တစ်လမ်းမှ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးစေလိုကြောင်း မှာကြားသည်။

အဆိုပါသင်တန်းသို့ နေပြည်တော်ရှိ စားသောက်ဆိုင် ကိုးဆိုင်မှ သင်တန်းသား ၃၀ တို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ တစ်ပတ်ကြာမြင့်မည်ဖြစ်သည်။ နောင်ဖွင့်လှစ်မည့်သင်တန်းတွင်လည်း ကျန်စားသောက်ဆိုင်များမှ ဝန်ထမ်းများ တက်ရောက်ကြမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

✪ **ကျောဖုံးမှ**

လခြမ်းကွေးပုံသဏ္ဌာန်ရှိ ဂျီနီဗာရေအိုင်ကြီးသည် ရေခဲမြစ်တစ်စင်း အရည်ပျော်ဆင်းခဲ့ရာမှ ဖြစ်ပေါ်လာခဲ့သည်ဟု ဆိုသည်။

ရုရှားအဏ္ဏဝါသိပ္ပံပညာရှင်များသည် ဂျီနီဗာရေအိုင်ကြီးကို Mir-1နှင့် Mir-2 ဟု အမည်ပေးထားသော စက်ရုပ်ရေငုပ်သင်္ဘောငယ်များဖြင့် စူးစမ်းလေ့လာမည်ဖြစ်သည်။

အဆိုပါ စက်ရုပ်ရေငုပ်သင်္ဘောငယ်များကို မေ ၁၇ ရက်တွင် ကုန်တင်ထရပ်ကားကြီးများဖြင့် စတင်ပို့ဆောင်မည်ဖြစ်ပြီး သုတေသနပြုလုပ်မည့်နေရာသို့ မေ ၂၅ ရက်ထက် နောက်မကျဘဲ ဆိုက်ရောက်မည်ဖြစ်သည်။

ဂျီနီဗာရေအိုင်ကြီးအတွင်း စက်ရုပ်ရေငုပ်သင်္ဘောဖြင့် လေ့လာမှုကို ဇွန်လအစောပိုင်းတွင် စတင်မည်ဖြစ်ကြောင်း အင်နာတိုလီဆာဂါလ်ဗစ် ဦးဆောင်သော သိပ္ပံပညာရှင် ၂၀ ခန့် ပါဝင်မည့်အဖွဲ့က သုတေသနပြုလေ့လာမည်ဖြစ်ကြောင်း ရုရှား ပင်လယ်သမုဒ္ဒရာလေ့လာရေးသိပ္ပံက ပြောကြားသည်။

Mir-1နှင့် Mir-2 စက်ရုပ်ရေငုပ်သင်္ဘောငယ်များသည် ရေနက်ပိုင်းအထိငုပ်လျှိုးနိုင်သည်။ ကနေဒါနွယ်ဖွား အမေရိကန်ရုပ်ရှင်ဒါရိုက်တာ ဂျိမ်းစ်ကင်မရွန်သည် "တိုင်တန်းနစ်" ရုပ်ရှင်ဇာတ်ကားအတွက် တိုင်တန်းနစ်သင်္ဘောပျက်ကို ရုပ်ရှင်ရိုက်ကူးခဲ့ရာတွင် ယင်းရေငုပ်ဘော်ငယ်များကို အသုံးပြုခဲ့သည်။

ကမ္ဘာပေါ်တွင် ပင်လယ်သမုဒ္ဒရာအတွင်း မီတာ ၆၀၀၀ အနက်အထိ ငုပ်လျှိုးနိုင်သော စက်ရုပ်ရေငုပ်သင်္ဘောငယ် ခုနစ်စင်းရှိသည့်အနက် ရုရှားနိုင်ငံမှ Mir-1နှင့် Mir-2တို့လည်း ပါဝင်သည်။ ***အင်တာနက်။***

နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဉာဏ(မဟာဒွါရ) ဘဝနတ်ထံ ပျံလွန်တော်မူ

နေပြည်တော် မေ ၁၈

နိုင်ငံတော်ဩဝါဒါစရိယ ရခိုင်ပြည်နယ် မင်းပြားမြို့နယ် ဇေယျသုခကျောင်းတိုက်၏ ဦးစီးပဓာနနာယကဆရာတော် သက်တော်(၈၉)နှစ်၊ သိက္ခာတော်(၆၉)ဝါရှိ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဉာဏ (မဟာဒွါရ)သည် (၁၃၇၃ ခုနှစ် ကဆုန်လပြည့်) ၁၇-၅-၂၀၁၁ (အင်္ဂါနေ့) နံနက် ၁၀ နာရီ မိနစ် ၃၀ တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၉-၅-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၃ ၁။ နိုင်ငံတော်သီချင်း
၇း၀၅ ၂။ တရားတော်
၇း၃၀ ၃။ ဓမ္မပူဇာတေး
၇း၃၅ ၄။ မျိုးချစ်တပ်မတော်
၇း၄၀ ၅။ မြန်မာ့ရှုခင်း
၇း၄၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၅ ၁။ နိုင်ငံတော်သီချင်း
၄း၁၀ ၂။ အဖွင့်သီချင်း
၄း၁၅ ၃။ မျိုးချစ်တပ်မတော်
၄း၂၅ ၄။ ဇွတ်မမိုက်နဲ့ ဝင်္ဂရှိလိုက်မယ်
၄း၃၀ ၅။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၃၅ ၆။ ဗွီစီဒီကျော်ကြားတေး
၄း၄၅ ၇။ မွေးမြူသုတ
၄း၅၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
၄း၅၅ ၉။ ကြိုတင်တားဆီးရန်သူမီး
၅း၁၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၁၁။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၆၆)**
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၅ ၁၃။ အမျိုးသားရေးတေးကဗျာ
၆း၃၀ ၁၄။ ထူးဆန်းထွေလာ မျက်လှည့်ပညာ
၆း၄၅ ၁၅။ ကာတွန်းအစီအစဉ် -ကြယ်တာရာမင်းသားလေး (အပိုင်း-၂၃)
၇း၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ငွေတိုက်ပွဲ(အပိုင်း-၉)**
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြား သတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ ဒို့တာဝန်အရေး(၃)ပါး
၂၀။ နိုင်ငံတကာသတင်း
၂၁။ မိုးလေဝသသတင်း
၂၂။ အနုပညာရှင်၏တစ်နေ့တာ
၂၃။ Champion League of Boxing - ANDRE
၂၄။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အချစ်တို့တည်ရာ (အပိုင်း-၁၆)**
၂၆။ ဂီတရင်ခုန်သံ

ရှေ့တော်ဝင်မှတ်တမ်းများစာအုပ် ထုတ်ဝေ

ရန်ကုန် မေ ၁၈

ထီးသုံးနန်းသုံး၊ ရှေးထုံးအစဉ်အလာခေါ်ဝေါ်သုံးနှုန်းမှုများမှာ အလွန်ပင်ယဉ်ကျေးရ၏ဟူ၍ နိဒါန်းအစချီထားသည့် စာရေးဆရာမောင်သန်းဆွေ(ထားဝယ်)၏ ရှေ့တော်ဝင်မှတ်တမ်းများTHE ROYAL AUDIENCES စာအုပ်ကို မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် ရန်အောင်စာပေ ဖုန်း-၇၂၂၅၇၂ နှင့် ဖုန်း-၀၉-၅၁၇၉၃၉၈ မှ ထုတ်ဝေဖြန့်ချိလိုက်သည်။**(ယာပုံ)** ရှေ့တော်ဝင်မှတ်တမ်းများတွင် ဗန္ဓုလဂျာနယ်သတင်းထောက်၊ ထန်းတစ်ပင်မင်းသားထိပ်တင်ကလေး၊ မင်းတပ်ထိပ်ခေါင်တင်မင်းသမီးကြီး၊ ပင်လယ်မင်းသားသမီးတော်နှစ်ပါး၊ ဦးဘသော် (မင်္ဂလာဂေဟာ)၊ ဆရာလွန်းနှင့်အဖွဲ့၊ ကုလားဝန်သမီးဆာလာ၊ နိုဝယ်ဗိုက်တင်း၊ ရွာစားကြီးစိန်ဗေဒါ၊ ကြို့ပင်တက်မြို့စားခင်မြကြီး၊ စာရေးဆရာကြီးဇေယျ၊ လယ်တီပဏ္ဍိတ၊ ကထိကဦးသက်တင်၊ သရစိမ်းမိဖုရားကြီး၊ ဦးမောင်မောင်တင်၊ တတိယသမီးတော်နှင့် ဂျာနယ်ကျော်အင်တာဗျူး စသည့်အခန်းများ ပါဝင်သည်။ သမိုင်းသုတေသီစာရေးဆရာ၏ ကြိုးစားအားထုတ်မှုကြောင့် ကုန်းဘောင်ခေတ်လွန် ဆွေတော်မျိုးတော်တို့၏ ရှေ့တော်ဝင်မှတ်တမ်းများကို စုစုစည်းစည်း ဖတ်ရှုရမည် ဖြစ်သည်။ စာအုပ်တန်ဖိုးမှာ ငွေကျပ် ၃၀၀၀ ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

ရန်ကုန်-မန္တလေး အမြန်လူစီးရထား ရိုးရိုးလူစီးတွဲပေါ်၌ ဗုံးပေါက်ကွဲမှုတစ်ခုဖြစ်ပွား နှစ်ဦးသေ၊ ကိုးဦး ဒဏ်ရာရရှိ

နေပြည်တော် မေ ၁၈

ရန်ကုန်မြို့မှ မန္တလေးမြို့သို့ ထွက်ခွာလာသော ရန်ကုန်-မန္တလေး အမှတ်(၃)အဆန် အမြန်လူစီးရထားသည် ယနေ့ညနေ ၃ နာရီ ၅၅မိနစ်ခန့်တွင် နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် ရွှေမြို့နှင့် ဆင်သေဘူတာအကြား မိုင်တိုင်အမှတ် (၂၄၉) အရောက်၌ စက်ခေါင်းတွဲနောက် သုံးတွဲမြောက်၊ ရိုးရိုးတန်းလူစီးတွဲပေါ်တွင် ဗုံးပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

ပေါက်ကွဲမှုကြောင့် အဆိုပါတွဲပေါ်၌ စီးနင်းလိုက်ပါလာသော ခရီးသည်အမျိုးသား တစ်ဦးနှင့် အမျိုးသမီးတစ်ဦး သေဆုံးပြီး အမျိုးသားလေးဦး၊ အမျိုးသမီး ငါးဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ ရထားတွဲမှာ ခေါင်မိုးပေါက်သွားကြောင်း၊ အခင်းဖြစ်ပွားရာသို့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်နှင့် တာဝန်ရှိသူများ သွားရောက်စစ်ဆေးပြီး ဒဏ်ရာရလူနာများအား တပ်ကုန်းမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသ၍ လိုအပ်သည်များ ကူညီပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဗုံးပေါက်ကွဲမှုဖြစ်စဉ်နှင့်ပတ်သက်၍ အသေးစိတ်စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မေလ တတိယ ၁၀ ရက်ပတ် မိုးလေဝသ ခန့်မှန်းချက်

ဘင်္ဂလားပင်လယ်အော်အခြေအနေ

အနောက်တောင်မုတ်သုံလေသည် မေလတတိယ ၁၀ ရက်ပတ်အတွင်း မြန်မာနိုင်ငံတောင်ပိုင်းဒေသများနှင့် မြစ်ဝကျွန်းပေါ်ဒေသများသို့ ဝင်ရောက်နိုင်သည်။ ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

မိုးအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၅ ရက်မှ ၇ ရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ၄ ရက်ခန့် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

နေ့အပူချိန်

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ပိုကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိမည်။

မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် ၁၅၀ စင်တီမီတာ (၅ ပေခန့်)၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် စင်တီမီတာ ၉၀ (၃ ပေခန့်)၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၇၅ စင်တီမီတာ (၂ ပေခွဲခန့်) လက်ရှိရေမှတ်များ၏အထက် မြင့်တက်လာနိုင် သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့နှင့် ဟုမ္မလင်းမြို့တို့တွင် စင်တီမီတာ ၁၂၀(၄ ပေခန့်)၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် ၇၅ စင်တီမီတာ (၂ ပေခွဲခန့်) လက်ရှိရေမှတ်များ၏အထက် မြင့်တက်လာနိုင်သည်။

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား ကိုရီးယားသမ္မတနိုင်ငံမှ ဧည့်အဖွဲ့တွေ့ဆုံ

နေပြည်တော် မေ ၁၈

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား ကိုရီးယားသမ္မတနိုင်ငံ Busan Korea Biotechnology Co., Ltd. မှ Chairman Mr. Chung Si Woo နှင့် အဖွဲ့သည် မေ ၁၇ ရက် ညနေ ၄ နာရီ မိနစ် ၄၀ တွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံလုပ်ငန်းများ၌ ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တွေ့ဆုံ

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား ကိုရီးယားသမ္မတနိုင်ငံ Busan Korea Biotechnology Co., Ltd. မှ Chairman Mr. Chung Si Woo နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

ဘူမိအင်ဂျင်နီယာသင်တန်း ဖွင့်မည်

ရန်ကုန် မေ ၁၈

လုပ်ငန်းခွင်မှ ဘူမိအင်ဂျင်နီယာများအတွက် ပညာရပ်ဆိုင်ရာ ဉာဏ်သစ်လောင်းသင်တန်းအဖြစ် မျိုးဆက်သစ် ဘူမိဗေဒဘွဲ့ရများ၊ အင်ဂျင်နီယာများအတွက် ဘူမိအင်ဂျင်နီယာ ပညာရပ်၏ သဘောသဘာဝများကို နားလည်အသုံးချနိုင်စေရန် ပြည်တွင်းပြည်ပ ပညာရှင်များ ပူးပေါင်းပို့ချမည့် Geotechnical Engineering Course (Level I) ကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ပံ့ပိုးလမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံဘူမိသိပ္ပံအသင်း ဘူမိအင်ဂျင်နီယာကော်မတီက နိုင်ငံတကာအဆင့်မီလက်မှတ်ရ သုံးလသင်တန်းအပတ်စဉ် (၆) ကို မေ ၂၇ ရက်တွင် ဖွင့်လှစ်မည် ဖြစ်သည်။

အဆိုပါသင်တန်းသို့ B.Sc (Geology), B.Sc.Engg, (Gem & Gem Mining), B.Tech./B.E.(Civil or Mining) ဘွဲ့ရများ တက်ရောက်နိုင်ပြီး မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းရုံးခန်း အမှတ် (303), MES Building လှိုင်တက္ကသိုလ်နယ်မြေသို့ ဆက်သွယ်စာရင်းပေးသွင်းအပ်နှံနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်အား ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံနှင့် စင်ကာပူသမ္မတနိုင်ငံတို့မှ သံအမတ်ကြီးများ တွေ့ဆုံ

ရန်ကုန် မေ ၁၈

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Kim Sok Chol သည် ယနေ့မွန်းလွဲ ၂ နာရီတွင်လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Robert Chua Hian Kong သည် ညနေ ၃ နာရီတွင် လည်းကောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံနှုတ်ဆက်ကြသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ တိုင်းဒေသကြီး ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံခြားရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ထွန်းဦး၊ တိုင်းဒေသကြီး အတွင်းရေးမှူး ဦးခင်မောင်ထွန်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်တို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကချင်ပြည်နယ် ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်းရုံး ဖွင့်လှစ်ခြင်းနှင့် မသန်စွမ်းအထောက်အကူပြု ပစ္စည်းများပေးအပ်ပွဲ ကျင်းပ

နေပြည်တော် မေ ၁၈

ကချင်ပြည်နယ် ကိုယ်အင်္ဂါ မသန်စွမ်းသူများအသင်းရုံး ဖွင့်လှစ်ခြင်းနှင့် မသန်စွမ်းအထောက်အကူပြုပစ္စည်းများ ပေးအပ်ပွဲ အခမ်းအနားကို မေ ၁၇ ရက် နံနက် ၉ နာရီတွင် မြစ်ကြီးနားမြို့ရှိ မြို့တော်ခန်းမ၌ ကျင်းပရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွျန်ငန်ဆိုင်းက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများ အသင်းဥက္ကဋ္ဌ ဦးမြင့်ဦးက မသန်စွမ်းသူများ လုပ်ငန်းစီမံချက်ကို လည်းကောင်း၊ အထွေထွေအတွင်းရေးမှူးက အသင်း၏ဖွဲ့စည်းမှုနှင့် လုပ်ငန်းစဉ်များကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ကိုယ်အင်္ဂါ မသန်စွမ်းသူများအသင်း ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက မသန်စွမ်းအထောက်အကူပြုပစ္စည်းများနှင့် ပညာသင်ထောက်ပံ့ငွေများကို လည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ် မိသားစုနှင့် အလှူရှင် ခုနစ်ဦးတို့က ငွေကျပ် ၁၄ သိန်းကို လည်းကောင်း ပေးအပ်လှူဒါန်းကြရာ ကချင်ပြည်နယ် ကိုယ်အင်္ဂါ မသန်စွမ်းသူများအသင်းဥက္ကဋ္ဌ ဦးဂျီဇုန်းဆောင်နှင့် အတွင်းရေးမှူးတို့က လက်ခံခဲ့ကြကြောင်း သတင်းရရှိသည်။

(ဝဲပုံ) (သတင်းစဉ်)

ကွန်ပျူတာကျွမ်းကျင်မှု အဆင့်မြင့်သင်တန်း (၁/၂၀၁၁) ဖွင့်

နေပြည်တော် မေ ၁၈

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန၏ ကွန်ပျူတာကျွမ်းကျင်မှု အဆင့်မြင့်သင်တန်း (၁/၂၀၁၁) ဖွင့်ပွဲ အခမ်းအနားကို မေ ၁၆ ရက် နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း တက်ရောက် အမှာစကားပြောကြားသည်။

ယခုဖွင့်လှစ်သည့် သင်တန်းတွင် ကွန်ပျူတာ Software နှင့် Hardware ဆိုင်ရာများ၊ BTOS (Border Trade Online System) Server တွင် Window Install၊ Database Install ပြုလုပ်ခြင်းများ လေ့ကျင့်သင်ကြားပေးမည်ဖြစ်ပြီး တစ်ကြိမ်လျှင် သင်တန်းသား ၁၈ ဦးကျစီကို ရက်သတ္တနှစ်ပတ်ဖြင့် သင်တန်းသုံးကြိမ် ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ညနေပိုင်းထမင်း/ဟင်းချက်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်းနှင့်ဟင်းချက်ပြုတ် ခြင်း မပြုရန်။

(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။

(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ ပေါ့ဆမှုမဖြစ်စေဘဲ အထူးသတိပြုသုံးစွဲရန်။

မီးသတ်ဦးစီးဌာန

သတိပြုဆင်ခြင်စရာ မှုခင်းအဖြာဖြာ

သတိပြုဆင်ခြင်စရာ မှုခင်းအဖြာဖြာ

သစ်တင်ရာမှ သစ်လုံးပြုတ်ကျ၍ သစ်လုပ်သားသေဆုံး

သာစည် မေ ၁၈

မိတ္ထီလာခရိုင် သာစည်မြို့နယ် ယင်းမာပင်ရဲစခန်း အရှေ့တောင်ဘက် ၁၂ မိုင်ခန့်အကွာ ဒေသအခေါ် ပေါက်ဖွားတောသစ်ကွင်း၌ မေ ၁၄ ရက်က သစ်တောဦးစီးဌာနမှ ဖမ်းဆီးထားသော ပုံစံ (ဂ) သစ်လုံးများကို ယာဉ်မောင်း ဦးရွှေဝါ မောင်းနှင်သည့် ၄က/၄၅၅၉ ဟီးနိုးခြောက်ဘီး အစိမ်းရောင်ကားကြီးပေါ်သို့ သစ်တင်လုပ်သားများဖြစ်ကြသော မြင့်နိုင်၊ စိုးလွင်ဇော်၊ မှတ်ကြီး(ခ) အောင်ဆန်းနှင့် သန်းညွှန့်တို့က သစ်လုံးများကို တင်နေစဉ် သစ်လုံးပြုတ်ကျပြီး သစ်တင်လုပ်သား မှတ်ကြီး(ခ) အောင်ဆန်း (၂၉)နှစ် ယင်းမာပင်ကျေးရွာ ညောင်ပင်သာရပ်နေသူမှာ ဒဏ်ရာများရရှိပြီး နေရာတွင်ပင် ပွဲချင်းပြီး သေဆုံးသွားခဲ့သည်။ ကျန်သစ်လုပ်သားသုံးဦးသည်လည်း ဒဏ်ရာအသီးသီးရရှိသွားသဖြင့် ယင်းမာပင်ဆေးရုံသို့ တင်ပို့ထားရသည်။ မှတ်ကြီး(ခ) အောင်ဆန်း သေဆုံးမှုကို ယင်းမာပင် ရဲစခန်းက အရေးယူထားကြောင်း သိရှိရသည်။

(၀၁၂)

ကားအတွင်းမှ ပိုက်ဆံအိတ်ခိုးသူ ချက်ချင်းဖမ်းမိ

မိတ္ထီလာ မေ ၁၈

မိတ္ထီလာမြို့နယ် ကန်တော်မင်ရပ်နေ ဦးဟန်မင်းအောင်(၄၄)နှစ်သည် မေ ၃ ရက်က မိတ္ထီလာမြို့ မင်းရပ်ကွက်ရှိ မြနှင်းဆီမင်္ဂလာခန်းမ၌ ပစ္စည်းဝယ်ရန်အတွက် ကားဖြင့်လာပြီး ကားခေါင်းထဲတွင် ပိုက်ဆံအိတ်ထားခဲ့၍ ပစ္စည်းများ ဝင်ရောက်ကြည့်ရှုခဲ့သည်။ ပစ္စည်းဝယ်ရန်အတွက် ပိုက်ဆံအိတ်ပြန်ယူစဉ် ကားအတွင်း ငွေကျပ် ၃၅၀၀၀၀ ထည့်ထားသော နီညိုရောင် ပိုက်ဆံအိတ်မှာ ပျောက်ဆုံးသွားသဖြင့် အမှတ်(၁) ရဲစခန်းတွင် သွားရောက်တိုင်ကြားခဲ့သည်။

ရဲတပ်ဖွဲ့ဝင်များ၏ကြိုးပမ်းဆောင်ရွက်မှုကြောင့် အောင်ဆန်းမြို့သစ်နေ သန်းနိုင်ဝင်း (ခ) မိုးဒီ (၁၅)နှစ်နှင့် အောင်ဆန်းဝင်း (၁၅)နှစ်တို့နှစ်ဦးအား ခိုးယူထားသော ငွေများနှင့်အတူ နာရီပိုင်းအတွင်း ဖမ်းဆီးရမိခဲ့သည်။ အမှတ် (၁) ရဲစခန်းက ပိုက်ဆံအိတ်ခိုးသူ သန်းနိုင်ဝင်း(ခ) မိုးဒီနှင့် အောင်ဆန်းဝင်းတို့အား ရဲစခန်း(ပ) ၂၂၆/၂၀၁၁၊ ပုဒ်မ ၃၈၀ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ကြေးမုံ)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန၏ ကွန်ပျူတာကျွမ်းကျင်မှု အဆင့်မြင့်သင်တန်း (၁/၂၀၁၁) ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဖြူးမြို့နယ် လှေဒုံးကျေးရွာ၌ ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်

ဖြူး မေ ၁၈

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် လှေဒုံးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ မြင့်မာလာ ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို မေ ၁၆ ရက် နံနက်ပိုင်းက အဆိုပါ ကျောင်းဆောင်သစ်ခန်းမ၌ကျင်းပရာ တာဝန်ရှိသူများ တက်ရောက်ကြပြီး ကျောင်းဆောင်သစ်ကို မြို့နယ်အုပ်ချုပ်ရေးမှူးဦးလွင်မင်း၊ မြို့နယ်ပညာရေးမှူး ဒေါ်ဝင်းမြင့်နှင့် ကျောင်းအကျိုးတော်ဆောင် တစ်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဖြူးမြို့နယ် ငတိုးခင်ကျေးရွာအုပ်စုမှ အမကကျောင်းဆောင်သစ်ကိုလည်း လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ (၁၄၀)

ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ

မြန်မာလက်ရွေးစင် ဂေါက်သီးရိုက်အသင်း မလေးရှားနိုင်ငံသို့ ထွက်ခွာ

ရန်ကုန်　မေ　၁၈

မေ ၁၉ ရက်မှ ၂၂ ရက်အထိ မလေးရှားနိုင်ငံ AFAMOSA GOLF RESORT, MELAKA ၌ ကျင်းပမည့် 109th MALAYSIAN AMATEUR OPEN (MEN & LADIES) ဂေါက်သီးရိုက်ပြိုင်ပွဲ၊ မေ ၂၄ ရက်မှ ၂၆ ရက်အထိ PALM COURSE, SAUJANA GOLF & COUNTRY CLUB ၌ ကျင်းပမည့် KURNIA SAUJANA AMATEUR CHAMPIONSHIP ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် မေ ၂၆ ရက်မှ ၂၉ ရက်အထိ SEREMBAN GOLF CLUB ၌ ကျင်းပမည့် SEREMBAN AMATEUR OPEN (MEN & LADIES) ဂေါက်သီးရိုက်ပြိုင်ပွဲတို့တွင် ပါဝင်ယှဉ်ပြိုင်ရန်အတွက် အမျိုးသား အုပ်ချုပ်သူအဖြစ် ဦးမြတ်ခိုင်၊ အမျိုးသမီးအုပ်ချုပ်သူအဖြစ် ဦးအောင်လှဟန်၊ မြန်မာလက်ရွေးစင်များအဖြစ် မျိုးဝင်းအောင်၊ မောင်မောင်ဦး၊ ရန်မျိုးအေး၊ သိန်းနိုင်စိုးနှင့် နိုင်ရဲလင်း၊ အမျိုးသမီးလက်ရွေးစင်များအဖြစ် ယဉ်မေမျိုးနှင့် ခင်မာနွယ်တို့ ပါဝင်ကြသော မြန်မာလက်ရွေးစင်ဂေါက်သီးရိုက်အသင်းသည် မေ ၁၇ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် မလေးရှားနိုင်ငံသို့ ထွက်ခွာသွားကြသည်။

မြန်မာလက်ရွေးစင် ဂေါက်သီးရိုက်အသင်းအား မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။**(အောက်ပုံ)**

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် ၂၀၁၃ ခုနှစ် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာ့ဂေါက်သီးအားကစား ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာလက်ရွေးစင် ဂေါက်သီးရိုက် အားကစားသမားများ နိုင်ငံတကာဂေါက်သီးရိုက်ပြိုင်ပွဲ အတွေ့အကြုံကြွယ်ဝကာ ဂေါက်သီးအားကစားဖြင့် နိုင်ငံ့ဂုဏ်မြှင့်တင်ပေးနိုင်ရေး ရည်မှန်းချက်ဖြင့် မလေးရှားဂေါက်သီးရိုက်ပြိုင်ပွဲ သုံးမျိုးတွင် စေလွှတ်ယှဉ်ပြိုင်စေခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တစ်ချက်တည်း ကျင်းဝင်

ရန်ကုန်　မေ　၁၈

ဦးအောင်မိုးကြည် (ဘဏ္ဍာ/အခွန်)သည် မေ ၁၇ ရက်တွင် တပ်မတော်ရေပြာဂေါက်ကွင်း (နေပြည်တော်)၌ ကစားဖော်များဖြစ်ကြသော ဦးဝင်းမြင့် (ဘဏ္ဍာ/အခွန်)၊ ဦးအေးမင်း(ဘဏ္ဍာ/အခွန်)တို့နှင့် ကစားစဉ် အကွာအဝေး ၁၇၈ ကိုက်ရှိ ကျင်းအမှတ်(၆)သို့ Pro-V1 No.2 ဘောလုံးကို HOMMA TWIN MARK Iron 105 တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။　(ကြေးမုံ)

မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၁) ဖြန့်ချိ

နေပြည်တော်　မေ　၁၈

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ၁၉၇၈ ခုနှစ်မှစ၍ နှစ်စဉ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၁)ကို ယခင်နှစ်များနည်းတူ ကြွေစက္ကူရောင်စုံ ဓာတ်ပုံ ၄၀ ကျော်၊ အဖြူအမည်းဓာတ်ပုံ ၁၅၀ ကျော်၊ စာမျက်နှာ ၄၀၀ ကျော်ဖြင့် ဝေဝေဆာဆာ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။ **(ယာပုံ)**

အဆိုပါ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၁)ကို စာပေဗိမာန်စာအုပ်ဆိုင် အမှတ်(တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း-၀၆၇-၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်ဆိုင် အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ စာပေဗိမာန်စာအုပ်ဆိုင် (မန္တလေး) ဖုန်း-၀၂-၆၂၉၃၁၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင် အမှတ်(၂၂၈) သိမ်ဖြူလမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၉၄၃၀၆၊ အင်းဝစာအုပ်ဆိုင် အမှတ် (၂၀၁/၃၀၁) မြေညီထပ် ပန်းဆိုးတန်းလမ်း (အထက်ဘလောက်) ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၃၂၁၆၊ ၃၈၉၈၃၈၊ ထွန်းဦးစာပေဖြန့်ချိရေး အမှတ်(၁၀၁) (၈၄)လမ်း (၂၉) လမ်းနှင့် လမ်း (၃၀) ကြား မန္တလေးမြို့ ဖုန်း-၀၂-၃၉၈၀၁၊ ၇၂၅၁၈၊ နဂါးစာပေ အမှတ်(၂၉/ခ) (၈၃) လမ်း (၂၉) လမ်းနှင့် လမ်း (၃၀)ကြား မန္တလေးမြို့ ဖုန်း-၀၂-၂၁၅၂၇ တို့တွင် ဝယ်ယူရရှိနိုင်ပြီး ရောင်းဈေးမှာ ငွေကျပ် ၃၀၀၀ ဖြစ်သည်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အိမ်အရောက်ပေးပို့စေလိုပါက အပိုကြေးပေးစရာမလိုဘဲ ရောင်းဈေးအတိုင်း Novel Light Express ဖုန်း-၀၉-၅၀၈၀၈၅၀၊ ၀၁-၃၉၁၁၈၆ သို့ ဆက်သွယ်မှာကြား ဝယ်ယူနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မာတင်စတီကယ်လင်ဘာတ် မန်ယူအသင်းတွင် ကစားလို

လန်ဒန်　မေ　၁၈

အားယက်စ်အသင်းမှ နယ်သာလန်လက်ရွေးစင် ဂိုးသမား မာတင်စတီကယ်လင်ဘာတ်က မိမိအနေဖြင့် မန်ယူအသင်းတွင် ကစားလိုကြောင်း အရိပ်အမြွက်ပြောကြားပြီး မန်ယူအသင်းအနေဖြင့် မိမိကို တရားဝင်ကမ်းလှမ်းလာမည်ဆိုပါက မည်သို့မျှ ငြင်းပယ်နိုင်စွမ်းရှိမည်မဟုတ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

အားယက်စ်အသင်းတွင် လက်စွမ်းပြနေသည့် စတီကယ်လင်ဘာတ်သည် နယ်သာလန်အသင်းတွင် မန်ယူဂိုးသမား ဗန်ဒါဆား အနားယူသွားပြီးနောက်တွင် နိုင်ငံလက်ရွေးစင်အသင်း၏ ပထမဂိုးသမားနေရာကို ရယူထားသူဖြစ်သည်။ အမှတ်ပေးချန်ပီယံ ပူပူနွေးနွေး ဖြစ်ထားသည့် အားယက်စ်အသင်းသည် အသက်(၂၈)နှစ်ရှိ ၎င်းတို့၏ ဂိုးသမား စတီကယ်လင်ဘာတ်ကို စာချုပ်သက်တမ်းတိုးမြှင့်ချုပ်ဆိုရန် ကမ်းလှမ်းထားသော်လည်း ၎င်းက မည်သို့မျှ အဖြေမပေးသေးဘဲ မန်ယူအသင်း၏ ကမ်းလှမ်းမှုကို စောင့်မျှော်နေသည်ဟုဆိုသည်။ မန်ယူအနေဖြင့်လည်း ယခုနှစ်ဘောလုံးရာသီကုန်တွင် ၎င်းတို့၏ အဓိကဂိုးသမား ဗန်ဒါဆားမှာ အနားယူတော့မည်ဖြစ်ရာ အဆင့်အတန်းမီဂိုးသမားတစ်ဦး မဖြစ်မနေ ခေါ်ယူရန်ရှိနေသည်။ ထိုသို့ မန်ယူအသင်း ခေါ်ယူရန် လျာထားသည့် ဂိုးသမားများထဲတွင် နယ်သာလန်နိုင်ငံသား မာတင်စတီကယ်လင်ဘာတ်လည်း တစ်ဦးအပါအဝင်ဖြစ်သည်။

အင်တာနက်။

မန်ယူအသင်းတွင် ကစားလိုသည့် အားယက်စ်ဂိုးသမား မာတင်စတီကယ်လင်ဘာတ်။

မန်စီးတီးအသင်း နိုင်ပွဲရပြီး တတိယနေရာကို တက်လာ

မန်ချက်စတာ　မေ　၁၈

ပရီမီယာလိဂ် ပွဲစဉ်(၃၇)၏ လက်ကျန်ပွဲတစ်ပွဲဖြစ်သည့် မန်စီးတီးနှင့် စတုတ်စီးတီးတို့ပွဲကို ဗုဒ္ဓဟူးနေ့ နံနက်ပိုင်းက ကျင်းပခဲ့ရာ အိမ်ရှင်မန်စီးတီးအသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရကာ အမှတ်ပေးဇယားတတိယနေရာကို တက်လာနိုင်ခဲ့သည်။

မန်စီးတီးနှင့် စတုတ်စီးတီးတို့သည် အက်ဖ်အေဖလားဗိုလ်လုပွဲတွင် ပူပူနွေးနွေး ဆုံတွေ့ထားသည့် အသင်းများဖြစ်သည်။ အမှတ်လိုအပ်ခြင်း မရှိတော့သည့် စတုတ်စီးတီးသည် ယခုပွဲတွင် ကစားသမားအတော်များများ အပြောင်းအလဲလုပ်ကာ ပွဲထွက်လာခဲ့သည်။ မန်စီးတီးကမူ တတိယနေရာမှ အာဆင်နယ်ကို ကျော်ဖြတ်နိုင်ရေးအတွက် တီဗက်ဇ်၊ ယာယာတိုရေး၊ ဒေးဗစ်ဆေးလ်ဗား၊ ဂျွန်ဆင်၊ မေလ်နာ၊ ဇာဘလက်တာ၊ လက်စကော့ စသည့် အမာခံကစားသမားများကို အသုံးပြုသွားသည်။

ယခုပွဲတွင် မန်စီးတီးက အိမ်ကွင်းပရိသတ်ရှေ့၌ စတုတ်စီးတီးအပေါ် ဘောလုံးအသာစီးရယူကာ ဖိကစားနိုင်ခဲ့ပြီး အသင်းခေါင်းဆောင် တီဗက်ဇ် အထူးခြေစွမ်းပြသနိုင်ခဲ့သည်။ မန်စီးတီးအတွက် ဂိုးများကို ပထမပိုင်းပွဲကစားချိန် ၁၄ မိနစ်တွင် တီဗက်ဇ်၊ ဒုတိယပိုင်း ၅၃ မိနစ်တွင် နောက်ခံကစားသမား လက်စကော့နှင့် ၆၅ မိနစ်တွင် တီဗက်ဇ်တို့က သွင်းယူခဲ့ခြင်းဖြစ်သည်။ မန်စီးတီးအသင်းသည် ယခုပွဲ အနိုင်ရလိုက်ခြင်းကြောင့် ပွဲစဉ် (၃၇)အပြီးတွင် ရမှတ် ၆၈ မှတ်ဖြင့် အာဆင်နယ်ကို တစ်မှတ်ဖြတ်ကာ တတိယနေရာကို တက်လာနိုင်ခဲ့သည်။　***အင်တာနက်။***

ဟန်သစ်

အစာဗေဒဆိုင်ရာ သင်တန်းဖွင့်လှစ်မည်

ရန်ကုန်　မေ　၁၈

အစားအသောက်များ ထုတ်လုပ်ဖြန့်ဖြူးမှု စံချိန်စံညွှန်းများ၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် သိုလှောင်မှုဆိုင်ရာ စံချိန်စံညွှန်းများကို လေ့လာနိုင်ရန်အတွက် MAT Professional Training & Serviees နှင့် Guardian Independent Certification Ltd., (UK)နှင့် ပူးပေါင်း၍ သိပ္ပံနည်းကျအစားအသောက်သင်တန်းကို မေ ၂၂ ရက်တွင် အကြောင်းအရာသုံးမျိုးခွဲ၍ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

နို့နှင့်နို့ထွက်ပစ္စည်း၊ ကလေးဖြည့်စွက်အစားအစာ၊ စားသုံးဆီ၊ ရေသန့်နှင့် အားဖြည့်အချိုရည်နှင့် ဆက်စပ်လုပ်ငန်းများမှ ဝန်ထမ်းများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်နိုင်သည့် သင်တန်းဖြစ်သည်။ ယခုသင်တန်းအပြင် ISO သင်တန်းများ Carparte သင်တန်း၊ ဈေးကွက်သင်တန်းနှင့် စာရင်းစစ်သင်တန်းများကို ပညာရှင်များနှင့် ပါရဂူများက လစဉ်ပို့ချပေးလျက်ရှိသည်။ ထို့အပြင် ISOလက်မှတ်ရရှိရေး စစ်ဆေးပေးခြင်း၊ ဝန်ဆောင်မှုပေးခြင်းနှင့် LCCI,CAT,FIA,ACCA နှင့် ABE သင်တန်းများလည်း ပို့ချပေးလျက်ရှိရာ ဖုန်း - ၂၄၆၆၁၈၊ ၂၄၂၄၃၁၊ ၀၉-၇၃၀၀၂၉၅၈ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။　(ကြေးမုံ)

မြန်မာနိုင်ငံအထက်ပိုင်းဒေသများ မိုးပိုလာနိုင်

နေပြည်တော်　မေ　၁၈

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **နေ့အပူချိန်များမှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ မန္တလေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၇ ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်ထိ ပိုခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် နေ့အပူချိန်မှာ** ချောက်မြို့တွင် ၃၉ ဒီဂရီစင်တီဂရိတ်ဖြစ်သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ဖြူးမြို့တွင် ၆ ဒသမ ၀၆ လက်မ၊ တောင်တွင်းကြီးမြို့တွင် ၄ ဒသမ ၀၉ လက်မ၊ လှိုင်ကော်မြို့တွင် ၃ ဒသမ ၂၇ လက်မ၊ ကျောက်ဖြူမြို့တွင် ၂ ဒသမ ၅၅ လက်မ၊ ဘောလခဲမြို့နှင့် ဘီးလင်းမြို့တို့တွင် ၂ ဒသမ ၂၄ လက်မစီ၊ လှိုင်လင်မြို့တွင် ၂ ဒသမ ၁၇ လက်မ၊ စဉ့်ကိုင်မြို့တွင် ၂ ဒသမ ၀၅ လက်မ၊ ကျောက်တော်မြို့နှင့် တောင်ငူမြို့တို့တွင် ၁ ဒသမ ၈၉ လက်မစီနှင့် ရွှေဘိုမြို့တွင် ၁ ဒသမ ၈၅ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မနက်ဖြန်ညနေအထိခန့်မှန်းချက် ။ ။ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြားနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင် ။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက် ။ ။ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ပြည်သူ့ထံမှ ပေးစာများ

ပဲပြားရုံမှ စွန့်ထုတ်ရေနံ့ နံစော်

စာတည်းခင်ဗျား-

မော်လမြိုင်မြို့ လှိုင်ရပ်ကွက် အုတ်ဖိုလမ်း အမှတ်(၄) ကားဂိတ်အနီးတွင် ပဲပြားလုပ်ငန်းလုပ်ကိုင်လျက်ရှိရာ အနံ့ဆိုးရွားသော စွန့်ထုတ်ရေများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများနှင့် အနီးရှိ စာသင်ကျောင်းမှ ကျောင်းသားများ ကျန်းမာရေးထိခိုက်စေပါသဖြင့် စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။　**ပဲပြားနံ့မခံနိုင်သူများ**

ယာဉ်များပိတ်ဆို့ရပ်နားသွားလာရေးခက်ခဲ

စာတည်းရှင့်-

ဟင်္သာတမြို့ ဘုရားကြီး(၁)လမ်း ဘုရားကြီးရပ်ကွက်အတွင်း နေ့စဉ်ရက်ဆက် မော်တော်ယာဉ်များ၊ ဆိုင်ကယ်များ၊ ဆိုက်ကားများ၊ ထော်လာဂျီများ စည်းကမ်းမဲ့ ရပ်နားထားရာ လမ်းပိတ်ဆို့နေပါသဖြင့် မီးသတ်ကားကဲ့သို့ အရေးပေါ်ယာဉ်များ ဝင်/ထွက်၍ မရပါ။ လမ်းအတွင်းနေသူများလည်း လွယ်လွယ်ကူကူ သွားလာ၍ မရပါ။ သို့ဖြစ်ပါ၍ စည်းကမ်းနှင့်အညီ ရပ်နားစေရေး ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်အတွင်းနေသူများ

ကားဘော်ဒီရုံများ ဆူညံ မီးဘေးစိုးရိမ်နေရ

စာတည်းခင်ဗျား-

ရန်ကုန်မြို့ တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် မစိုးရိမ်ကျောင်းလမ်း၌ ကားဘော်ဒီရုံ ၁၀ ရုံခန့် ကားဘော်ဒီလုပ်ငန်းလုပ်ကိုင်လျက်ရှိရာ ဆူညံသံ၊ ဆေးမှုန့်အနံ့ဆိုးများ နံစော်မှုကြောင့် ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများ ကျန်းမာရေးထိခိုက်စေပြီး စိတ်အနှောင့်အယှက် ဖြစ်နေရပါသည်။ ထို့အပြင် အနီးအနားတွင် လူနေအိမ်ရာများနှင့် စာသင်ကျောင်း နှစ်ကျောင်းလည်း တည်ရှိရာ လျှပ်စစ်မီးဖြင့် ကျောက်စက်တိုက်ခြင်း၊ ဝရိန်ဆော်ခြင်းတို့ကြောင့် ဝါယာရှော့ဖြစ်ခြင်းနှင့် မီးဘေးအန္တရာယ် စိုးရိမ်ရပါသဖြင့် ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။　**ရပ်ကွက်သားများ**

ပိုးသတ်ဆေးအနံ့ ဆောင်ရွက်ပြီးစီး

၂၆-၄-၂၀၁၁ ရက် ကြေးမုံသတင်းစာပါ ရေဦးမြို့ ဈေးတောင်ဘက်တန်းမှ ပိုးသတ်ဆေးအနံ့ကြောင့် ကျန်းမာရေးထိခိုက် ပေးစာနှင့်စပ်လျဉ်း၍ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

(မြို့နယ်စည်ပင်)

ပြည်သူ့ထံမှ ပေးစာများ ပေးပို့လိုပါလျှင်

ပြည်သူ့ထံမှပေးစာကဏ္ဍသို့ ပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာအပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ်(၇၇)၊ (၅၂)လမ်း (မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပေးပို့နိုင်ပါသည်။

အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

ချင်းပြည်နယ် မင်းတပ်မြို့နယ် ဒေသဖွံ့ဖြိုးရေး ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၈

ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းသည် ပြည်နယ်ဝန်ကြီးများ လိုက်ပါလျက် ယနေ့နံနက် ၇ နာရီခွဲတွင် မင်းတပ်မြို့ အမျိုးသမီးအိမ်တွင်းမှု သင်တန်းကျောင်း၊ လူငယ်သင်တန်းကျောင်း၊ ပြည်သူ့ဆေးရုံ၊ အစိုးရနည်းပညာအထက်တန်းကျောင်း၊ စက္ကူဒါနဆေးရုံ၊ မောင်းချောင်းကြိုးတံတားနှင့် ထင်ချောင်းကျေးရွာ စပါးစိုက်ခင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆွေးနွေးမှာကြား

ထို့နောက် ညနေပိုင်းတွင် ကန်ပက်လက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မြို့နယ်ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာများကို ဆွေးနွေးမှာကြားကြောင်း သိရှိရသည်။

(သတင်းစဉ်)

မင်္ဂလာဆည်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
ဟာဂျီ ဦးသာဆန်း-ဟာဂျီမ ဒေါ်ကလျာထွန်း
(ခြသေ့်ကမ္ဘာစာအုပ်နှင့် စာရေးကိရိယာရောင်းဝယ်ရေး)တို့၏ သားဦးရတနာ
မောင်ရန်နောင်ဦး
(Technicolour Trading Co., Ltd.)
နှင့်
ရန်ကုန်မြို့နေ
ဦးမောင်စိန်-ဒေါ်သန်းနွဲ့တို့၏ သမီးထွေးရတနာ
မကြည်ပြာလှိုင်
B.Sc(Mathematics)

တို့၏ ၁၃-၅-၂၀၁၁(သောကြာနေ့)တွင် ကျူလီယာဂျာမေဗလီ၌ အစ္စလာမ်တရားတော်မြတ်နှင့်အညီ "နေကာဟ်ရှာဒီ" ပြုလုပ်ပေးပါသော ရှေ့ဆောင်ဗလီဆရာများနှင့် ဂေါပကအဖွဲ့ဝင်များအားလည်းကောင်း၊ ၁၅-၅-၂၀၁၁(တနင်္ဂနွေနေ့)တွင် Traders Hotel (Myanmar Ballroom) ၌ ကျင်းပပြီးစီးခဲ့သော မင်္ဂလာဆည်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ဆင်မြန်းပေးပါသော ဟာဂျီဦးကျော်မြင့်-ဟာဂျီမ ဒေါ်သန်းသန်းဌေး(ဒေါ်လှခင် အုတ်၊သဲ၊ကျောက်ရောင်းဝယ်ရေး)တို့အားလည်းကောင်း၊မင်္ဂလာလက်စွပ်ချီးမြှင့်ဆင်မြန်းပေးပါသော ဟာဂျီဦးစိုးသန်းနှင့် ဟာဂျီမ ဒေါ်အုန်းအုန်းမြင့် (Lion World Stationery Product) တို့အားလည်းကောင်း၊ မင်္ဂလာလက်ဖွဲ့လက်စွပ် ချီးမြှင့်ဆင်မြန်းပေးပါသော ဟာဂျီ ဦးတင်ဝင်းနှင့် ဟာဂျီမ ဒေါ်ရီရီဝင်း (Lion World Stationery Trading Center)၊ ဒေါ်ရွှေစိန်တို့အားလည်းကောင်း၊ ကိုယ်တိုင်တက်ရောက် မချီးမြှင့်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာပန်းခြင်းကိုင်ဆောင်ပေးသော သမီးလေး ထက်မှူးသဒ္ဒါနှင့် ရှင်မင်းကဗျာတို့အားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော မသက်ဦးခင်အားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်း ကိုင်ဆောင်ပေးကြသော မသူသူနိုင်နှင့် မထွေးထွေးလှိုင်တို့အားလည်းကောင်း၊ သတို့သားအရံ မောင်ကျော်မင်းထွန်းနှင့် မောင်ရှိန်းလင်းဇော်၊ သတို့သမီးအရံ မမြသဇင်အေးနှင့် မအိငုံဖူးတို့အားလည်းကောင်း၊မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦး၊ မေတ္တာဖြင့် လက်ဝတ်ရတနာများ ဆင်မြန်းပေးပါသော ကိုအောင်နှင့် မချမ်းချမ်း(ရွှန်းလဲ့ရွှေရည်စိန်ရွှေရတနာဆိုင် Capital Hyper Market)တို့အားလည်းကောင်း၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေတီးခတ်ပေးပါသော မဂျူးနီနှင့် ကိုပိစိ (Junny Percussions) တို့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံများ ဖန်တီးပေးသော Forever နှင့် အကယ်ဒမီ K-1 အပ်ချုပ်ဆိုင်မှ မခင်မျိုးဝင်းနှင့် တပည့်များအားလည်းကောင်း၊ မိတ်ကပ်နှင့် ဆံပင် အလှဖန်တီးပေးသော ခင်စန်းဝင်းနှင့်အဖွဲ့၊ Forever နှင့် အဖွဲ့တို့အားလည်းကောင်း၊ မင်္ဂလာဖိတ်စာများကို ပုံနှိပ်ပေးပါသော ဒဂုန်ပုံနှိပ်တိုက်အားလည်းကောင်း၊ Pre-Wedding Photo နှင့် မင်္ဂလာဆည်ခံပွဲ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင်ပေးပါသော Forever Photo Studio အားလည်းကောင်း၊ Traders Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားအား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ကျေးဇူးတင်ထိုက်သူများ အားလုံးကိုလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ရန်နောင်ဦး-မကြည်ပြာလှိုင်

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ခတ္တာလမ်းနေ ကွယ်လွန်သူ ကျေးဇူးရှင် မိဘနှစ်ပါးအား ရည်စူး၍ သမီးဒေါ်မြင့်မြင့်က ထာဝရဆွမ်းပဒေသာပင်၊ အထွေထွေပဒေသာပင်တို့အတွက် ငွေကျပ်ငါးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

ကျေးဇူးတင်လွှာ

ကျွန်တော် A/B ဦးအောင်အောင်အေးစမ်း(CDC-51712) သည် M.V. Nation Prosperityသင်္ဘောတွင် တာဝန်ထမ်းဆောင်ရင်း ထိခိုက်ဒဏ်ရာ ရရှိခဲ့ရာ ဆေးကုသစရိတ်နှင့် လျော်ကြေးငွေရရှိရန် လိုက်ပါဆောင်ရွက်ပေးခဲ့သော Sun Far ကုမ္ပဏီမှ ဒေသခံကိုယ်စားလှယ် ဦးကျော်တင့်နှင့် ဝန်ထမ်းများအား ကျေးဇူးအထူးတင်ရှိအပ်ပါသည်။

ဦးအောင်အောင်အေးစမ်း(CDC-51712)

အမြို့မြို့အနယ်နယ် သတင်းများ

နေပြည်တော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော မြို့သန့်ရှင်းသာယာလှပရေးနှင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေး ချုံနွယ်မြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို မေ ၁၁ ရက်က နေပြည်တော်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နေ့ကလေးထိန်းကျောင်း၌ ကျင်းပစဉ်။

(မြို့နယ်စည်ပင်)

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်၌ ဆောင်ရွက်လျက်ရှိသော မြေကြီးမြေပုံမြေစာရင်းနှင့် သီးနှံစိုက်ဧက မှန်ကန်ရေးလုပ်ငန်းစီမံချက်ကို ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူး(စီမံ) ဦးသိန်းဝင်း မေ ၉ ရက် နံနက်ပိုင်းက ညောင်ပင်ကြီးကျေးရွာအုပ်စု ကွင်းအမှတ်(၃၂)ကို ကွင်းဆင်းစစ်ဆေးစဉ်။

(တိုင်းဒေသကြီးမြေစာရင်း)

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် မြန်အောင်မြို့ အမှတ်(၄)ရပ်ကွက် မြို့ရွှေကျောင်း ပရဟိတကျောင်းတိုက်အတွင်း တည်ထားလျက်ရှိသော စွယ်တော်တိုက် သာသနာ့ဗိမာန်တော်အတွက် အလှူရှင် ရန်ကုန်မြို့မှ ဒေါ်တင်တင်ခိုင် မိသားစု တတိယအကြိမ် လှူဒါန်းငွေကျပ်သိန်း ၂၀ ကို ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

တိုက်ကြီးမြို့မဈေးအနီး မီးသတ်လမ်းနှင့် သီတာလမ်းထိပ်ရှိ ရေမြောင်း ရေစီးရေလာ ကောင်းမွန်စေရေးအတွက် အမှိုက်များ ဆယ်ယူရှင်းလင်းခြင်းကို ဧပြီ ၂၀ ရက်က အဖွဲ့ဝန်ထမ်းများနှင့် ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မြဝတီမြို့၊ အမှတ်(၅) ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနေ ဦးထွန်းအောင် - ဒေါ်ရွှေသန့် (ရွှေပန်းထိမ်လုပ်ငန်း) တို့၏သားကြီး၊ မောင်အောင်ကျော်စိုး(ခ)ကျော်ဦး [၃/မဝတ(နိုင်)၀၀၀၁၂၃]သည် မိဘနှစ်ပါး၏ဆိုဆုံးမမှုကိုနာခံမှုမရှိဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် ယနေ့သတင်းစာတွင်ပါသည့်နေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြေညာအပ်ပါသည်။ နောက်နောင် အောင်ကျော်စိုး (ခ)ကျော်ဦးနှင့် ပတ်သက်သော ကိစ္စအဝဝကို မိဘနှစ်ပါးက တာဝန်ယူဖြေရှင်းလိမ့်မည်မဟုတ်ပါ။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ဦးထွန်းအောင်-ဒေါ်ရွှေသန့်
မြဝတီမြို့

ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

The Thiripyitsaya Sky Bistro မှ အောက်ပါလစ်လပ်နေရာများကို ခေါ်ယူနေပါသည်။

(1) Asst; Chief Engineer(ကျား-၁) (2) Electricians (ကျား-၂)
(3) Senior Accountants (မ-၁) (4) Concierges(Receptionists)(မ-၁)
(5) Drivers (ကျား-၃) (6) Cooks (ကျား-၃)
(7) Housekeepers (ကျား-၂၊ မ-၂)
(8) Restaurant Attendants(ကျား-၂) (9) Security Staff (ကျား-၅)

အခြေခံအင်္ဂလိပ်စာကျွမ်းကျင်မှုလိုအပ်သည်။ လုပ်သက်အတွေ့အကြုံ အနည်းဆုံး (၂)နှစ်ရှိရမည်။

လုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။ ကိုယ်ရေးရာဇဝင်၊ အလုပ်သမား မှတ်ပုံတင်မိတ္တူနှင့်အတူ အောက်ပါလိပ်စာတွင် လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်
စောဆာတူဝေါ
 # ၅၀၅ (၅)ထပ်၊ ဆာကူရာတာဝါ၊ ၃၃၉၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၅၅၂၅၅

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂ဒီ၊ မြေကွက်အမှတ်-၄၆၈အင်န်/၁၁ဘီ၅၊ဧရိယာ (၀.၁၅၁)ဧကရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေပေါ်ရှိ ရန်ကုန်မြို့၊ဗဟန်းမြို့နယ်၊ဗိုလ်ချို(၁)ရပ်ကွက်၊ဗိုလ်ချိုလမ်း၊ အမှတ်(၉)ဟု ခေါ်တွင်သည့် (၃)ထပ် RCအဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဦးခင်အောင် [၁၂/လသန(နိုင်)၀၀၅၁၇၅] ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေနှင့် အိမ်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်မြလဲ့ဝင်း၊ အထက်တန်းရှေ့နေ(စဉ်-၂၀၉၅၁)
အမှတ်(၈၃)၊ ဗဟိုလမ်း၊(၂)ရပ်ကွက်၊မရမ်းကုန်းမြို့နယ်၊
ရန်ကုန်မြို့၊ဖုန်း-၀၉-၅၁၅၁၈၃၃

- ❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
- ❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

- ❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

- ☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

- ☆ VOA, BBC - ရန်တိုက်ပေးနေသည်။
- ☆ RFA, DVB - သွေးထိုးနေသည်။
- ☆ ခလောက်ဆန် အကောက်ကြံ
 လေလှိုင်းသံ လူသတ်သမား-
 နားမယောင်လေနဲ့ သတိထား။

လွတ်ငြိမ်းချမ်းသာခွင့်ပြုခြင်းအမိန့်အရ လွတ်မြောက်သည့် အကျဉ်းသား၊ အကျဉ်းသူအရေအတွက် စုစုပေါင်း ၁၄၇၅၈ ဦးဖြစ်၊ လက်ရှိအခြေအနေတွင် လွတ်မြောက်ခြင်းမရှိသေးသူများလည်း ယင်းတို့အပေါ်သတ်မှတ်ထားသော ထောင်ဒဏ်ကို သာမန်ရရှိပြီးသော လျှော့ပေါ့ရက်များအပြင်

(၁)နှစ် (တစ်နှစ်) ထပ်မံလျှော့ပေါ့ရရှိသည့် အခွင့်အရေး တန်းတူခံစားခွင့်ရရှိကြမည်

နေပြည်တော် မေ ၁၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ်(၂၈/၂၀၁၁)ဖြင့် လွတ်ငြိမ်းချမ်းသာခွင့်ပြုခြင်းအမိန့်ကို ထုတ်ပြန်လျက် သေဒဏ်ချမှတ်ခြင်းခံရသူများအတွက် ထောင်ဒဏ်တစ်သက်သို့ လည်းကောင်း၊ ထောင်ဒဏ်ကျခံနေရသူများသည် ယင်းတို့အပေါ် သတ်မှတ်ထားသောထောင်ဒဏ်ကို သာမန်ရရှိပြီးသော လျှော့ပေါ့ရက်များအပြင် (၁)နှစ် (တစ်နှစ်) ထပ်မံလျှော့ပေါ့ရရှိစေရန် လည်းကောင်း လွတ်ငြိမ်းချမ်းသာခွင့်ပြုခဲ့ပြီး ဖြစ်သည်။

အဆိုပါ လွတ်ငြိမ်းချမ်းသာခွင့်ပြုခြင်းအမိန့်အရ အကျဉ်းဦးစီးဌာန အကျဉ်းထောင်၊ အလုပ်စခန်းများမှ ၁၇-၅-၂၀၁၁ ရက်တွင် လွတ်မြောက်သည့် အကျဉ်းသား၊ အကျဉ်းသူ အရေအတွက်စုစုပေါင်းမှာ ၁၄၇၅၈ ဦးဖြစ်ကြောင်း သိရှိရသည်။

အလားတူ လက်ရှိအခြေအနေတွင် လွတ်မြောက်ခြင်းမရှိသေးသူ အကျဉ်းသား၊ အကျဉ်းသူများ အားလုံးအနေဖြင့်လည်း ယင်းတို့အပေါ် သတ်မှတ်ထားသောထောင်ဒဏ်ကို သာမန်ရရှိပြီးသော လျှော့ပေါ့ရက်များအပြင် (၁)နှစ် (တစ်နှစ်)ထပ်မံလျှော့ပေါ့သည့် အခွင့်အရေးကို ယမန်နေ့က လွတ်မြောက်သွားကြသူများတန်းတူ ခံစားခွင့်ရရှိကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စက်ရုပ် ရေငုပ်သဘော်ငယ်

ဂျီနီဗာ ရေအိုင်ကြီး၏ ဂေဟစနစ်များအား လေ့လာရာ၌ အသုံးပြုမည့် စက်ရုပ်ရေငုပ်သဘော်ငယ်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အ ဏ္ဏ ဝါ သိ ပ္ပံ အင် တာ နက် သ တင်း

ဂျီနီဗာရေအိုင်ကြီး၏ ဂေဟစနစ်များကို ရုရှားသိပ္ပံပညာရှင်များ လေ့လာရန်ပြင်ဆင်

မော်စကို မေ ၁၈

ရုရှားနိုင်ငံမှ အဏ္ဏဝါသိပ္ပံပညာရှင်များသည် ဆွစ်ဇာလန်နိုင်ငံနှင့် ပြင်သစ်နိုင်ငံတို့၏ နယ်စပ်ဒေသရှိ ဂျီနီဗာရေအိုင်ကြီး၏ ဂေဟစနစ်များကို စက်ရုပ်ရေငုပ်သဘော်ငယ်များ အသုံးပြုကာ လေ့လာမည်ဖြစ်ကြောင်း ရုရှားပင်လယ်သမုဒ္ဒရာ လေ့လာရေးသိပ္ပံက ယနေ့ ထုတ်ပြန်ကြေညာသည်။

ဘာသာပြန်-ရာမောင်

ဆွစ်ဇာလန်နိုင်ငံ အနောက်တောင်ပိုင်းဒေသနှင့် ပြင်သစ်နိုင်ငံတို့ ထိစပ်နေသော နေရာဒေသရှိ ဂျီနီဗာရေအိုင်ကြီးသည် ဥရောပတိုက် အလယ်ပိုင်း၌ ဒုတိယအကြီးဆုံး ရေချိုရေအိုင်ကြီး ဖြစ်သည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့